မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ စနေနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၁၃)

တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးစိတ်ဓာတ်

ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မည်သည့်အဖွဲ့အစည်း၊ မည်သည့်လူမျိုး၊ မည်သည့် အယူဝါဒကိုမျှ အခြေခံသည့်စိတ်ဓာတ်မဟုတ်ဘဲ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေး စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါး မှာလည်း ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးနှင့်သက်ဆိုင်သည့် နိုင်ငံသူ နိုင်ငံသားတိုင်း ထမ်းရွက်ရမည့် အမျိုးသားရေးတာဝန်များပင်ဖြစ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၇)မှ သင်တန်းသား သင်တန်းသူများအား သြဝါဒစကားမြွက်ကြားစဉ်။
(သတင်းစဉ်)

နိုင်ငံတော်တည်ဆောက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ်များ ပျိုးထောင်မွေးထုတ်ပေးရေးသည် အဓိကပါဝင်

တိုင်းရင်းသားလူငယ်များ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်အောင်သင်ကြား

ပညာတတ်မြောက်စေရန်သာမက ပြည်ထောင်စုကြီးကိုချစ်မြတ်နိုးသောစိတ်ဓာတ်တည်ဆောက်ပေး

ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် လက်တွေ့ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်

ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရေး ကျရာအခန်းကဏ္ဍက ပါဝင်ကြိုးပမ်းထမ်းဆောင်

ရန်ကုန် ဇန်နဝါရီ ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၇)မှ သင်တန်းသား သင်တန်းသူများက ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံခန်းမ၌ တွေ့ဆုံဂါရဝပြုပြီး သြဝါဒခံယူကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ *

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

ဆေးပညာ တိုးတက်ပြန့်ပွားရေး ဆောင်ရွက် ရောဂါအမျိုးမျိုး ကုသပေးနိုင်ရေး ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ဦးတည်ချက် (၁၂)ရပ်ချမှတ်၍ စနစ်တကျ ကြိုးပမ်းတည်ဆောက်နေသည်။ လူမှုရေး ဦးတည်ချက်(၄)ရပ်တွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် အချက်သည် နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်ပေသည်။

ပြည်သူများကျန်းမာပြီး ရောဂါဘယကင်းဝေးရန်နှင့် သက်တမ်းစေ့ နေနိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြို့ပြနှင့်ကျေးလက် ကွာဟမှုအနည်းဆုံးဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ဆရာဝန်များသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက် ရှိသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း၏ (၅၂)ကြိမ်မြောက် ဆရာဝန်ညီလာခံဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၈ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်–

“အသင်းသူအသင်းသား ဆရာဝန်ကြီးများအနေဖြင့်လည်း ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများသာမက ဆေးပညာတိုးတက် ပြန့်ပွားရေးအတွက် သုတေသနလုပ်ငန်းများကိုလည်း တစိုက်မတ်မတ် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဆေးဝါးအသစ်များ၊ ကုထုံးအသစ်များနှင့် ခေတ်မီဆေးကုသကိရိယာများကို တီထွင်ကြံဆကြပြီး ကိုယ့်တိုင်းပြည်အတွင်း၌ပင် ငွေကုန် ကြေးကျ သက်သာစွာ ရောဂါအမျိုးမျိုးအား ကုသပေးနိုင်သည့်အဆင့်သို့ ရောက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်”

တိုက်တွန်းပြောကြားသွားသည်။

နိုင်ငံတော်၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အနှစ်(၃၀) စီမံကိန်းရေးဆွဲပြီး နှစ်တိုစီမံကိန်းများဖြင့် အပိုင်းလိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများကြောင့် ယခုအခါ ကျောက်ရောဂါ၊ ပိုလီယိုအကြောသေရောဂါနှင့် အနာကြီးရောဂါများကင်းစင်သွားခဲ့ပြီး မကြာမီ ကာလတွင် အိုင်အိုဒင်းချို့တဲ့မှုလည်း ကင်းစင်လာတော့မည် ဖြစ်သည်။

ဆေးကုသဝန်ဆောင်မှုအပိုင်းအနေဖြင့် အသည်းအစားထိုးကုသခြင်း၊ ကျောက်ကပ်အစားထိုးကုသခြင်း၊ နှလုံးသွေးကြောခွဲစိတ်ကုသခြင်း၊ ရင်ချင်းဆက်အမြွှာ ခွဲစိတ်ကုသခြင်း၊ အရိုးနှင့် ထိခိုက်ဒဏ်ရာများ ပြန်ဆက် ခွဲစိတ်အစားထိုးကုသခြင်းစသည့် အောင်မြင်မှုများသည် မြန်မာ့ဆေးပညာလောကတွင် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သည့် သမိုင်းမှတ်တိုင်များအဖြစ် စိုက်ထူထားနိုင်ခဲ့သည်။

ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ကုသရေးအပိုင်းသာမက ကျန်းမာရေး အသိပညာပေးရေးနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများကို ပိုမိုအလေးထားပြီး ပြည်သူလူထုအတွင်း၌ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန် အထူးလိုအပ်ပေသည်။

ပြည်သူ့ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ကြရာတွင် ကိုယ်ကျင့်တရားကောင်းမွန်ပြီး အတ္တနှင့်ပရမ္မတစွာဖြင့် ပြည်သူလေးစားအားထားရသည့် ပြည်သူ့ဆရာဝန်များအဖြစ် ဂုဏ်သိက္ခာရှိရှိဖြင့် ရပ်တည်သွားနိုင်စေရန် အသင်းသူအသင်းသားအားလုံး ဝိုင်းဝန်းစောင့်ထိန်းကြရန်လိုပေသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့် ကိုယ့်တိုင်းပြည်ကို ကြီးပွားတိုးတက်စေလိုသည့် တိုင်းချစ်ပြည်ချစ်စိတ်နှင့် ကိုယ့်တိုင်းပြည်အတွက် ကျရာအခန်းကဏ္ဍက အနစ်နာခံ ဆောင်ရွက်လိုသည့် စိတ်မျိုးရှိရန် အထူးလိုအပ်ပေသည်။

မြန်မာနိုင်ငံဆရာဝန်အသင်းကြီးသည် ၁၉၄၉ခုနှစ်ကတည်းက စနစ်တကျဖွဲ့စည်း ပေါ်ပေါက်လာသည့် အသင်းကြီးဖြစ်သည်။ ဆေးပညာရှင်များကိုယ်စားပြုသည့် တစ်ခုတည်းသော အဖွဲ့အစည်းကြီးဖြစ်ပြီး သက်တမ်းအရရော၊ ဂုဏ်သိက္ခာအရပါ လေးစားအားထားဖွယ်ရာကောင်းသည့် စံနမူနာပြပြည်သူ့အကျိုးပြု အသင်းကြီးလည်း ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ ဆရာဝန်အသင်းသူ အသင်းသားများအနေဖြင့် အသင်းကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှု ပေးရုံသာမက ဆေးပညာ တိုးတက်ပြန့်ပွားရေးအတွက် သုတေသနလုပ်ငန်းများကို ဆောင်ရွက်သွားကြရင်း ကိုယ့်တိုင်းပြည် အတွင်း၌ပင် ငွေကုန်ကြေးကျ သက်သာစွာဖြင့် ရောဂါအမျိုးမျိုး ကုသပေးနိုင်ရေး ကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၁-၁-၂၀၀၆

(စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် “ဝိသုဒ္ဓိ(၇)ပါး၊ရထား(၇)စင်း ဥပမာ”

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၁၅ ၄။ ကျန်းမာသုတ
- ၁၂:၂၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **“လူရိုးလူဖြောင့်”**(အပိုင်း–၁)
- ၀၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွှဲ
- ၄:၂၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၅ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၂၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၅:၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ချစ်ထုံးရယ်မပြယ်”** (အပိုင်း–၅)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ English Premier League ဘောလုံးပွဲအစီအစဉ် Bolton Wanderers Vs Manchester City

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့သမိုင်းနှင့်ဆက်နွှယ်သော အနောက်နိုင်ငံသားများ စာအုပ်ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၂၀

(၁၃) ရာစုခန့်မှစတင်၍ မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ကြသော အနောက် နိုင်ငံသားများသည် ရည်မှန်းချက်အမျိုးမျိုး၊ ကိစ္စအမျိုးမျိုးဖြင့်လာရောက်ခဲ့ကြပုံ၊ မြန်မာပြည်အကြောင်း၊ မြန်မာများအကြောင်း မြင်သမျှ၊ ထင်သမျှကို မှတ်တမ်းမှတ်ရာပြုစုခဲ့ကြပုံ၊ မြန်မာတို့၏ အုပ်ချုပ်ရေး၊ စီးပွားရေး အကဲခတ် မှတ်တမ်းတင်ကြပုံများကို လေ့လာမှတ်သားလျက် အမျိုးသားစာပေဆုရ စာရေးဆရာမကြီး မကြိန်က အလျဉ်းသင့်ရာ အကြောင်းအရာများကို ရှာဖွေစုစည်းကာ ပြုစုထားသည့် **“မြန်မာ့သမိုင်းနှင့် ဆက်နွှယ်သော အနောက် နိုင်ငံသားများ”** စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ကရောဖွတ်၊ စလေဒင်၊ ဂျဒ်ဆင်၊ စပတ်၊ ကင်းဘဲလ်၊ ဘားနဒ်၊ ပရင်ဒါဂတ်၊ ရစ်ချတ်ဆင်၊ ဒါလဟိုဇီ၊ ဖယ်ရာ၊ ပါကိုတို၊ မေရို၊ အက်ဒမန်ဂျုံး၊ ဘေကာ၊ ဘေဖီးလ်၊ လတ္တာ၊ ဘာနေ အစရှိသူများအပါအဝင် အနောက်နိုင်ငံသား ၆၃ဦးနှင့်ပတ်သက်သည့် လေ့လာသိရှိမှတ်သားဖွယ်များကို ကျမ်းကိုးခိုင်လုံစွာဖြင့် တင်ပြထားပြီး နိုင်ငံ့ဂုဏ်ရည်စာပေတိုက် ဖုန်း–၃၇၄၅၃၂ မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများနှင့် မန္တလေးမြို့ ထွန်းဦးစာပေနှင့် နဂါးစာပေတို့တွင် တစ်အုပ်လျှင် ကျပ် ၁၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

နယ်စပ်ဒေသ အမေရိကန်ဗုံးကျည်ပစ်မှု ပါကစ္စတန်အစိုးရ ပြစ်တင်ရှုတ်ချ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၂၀

လူအသေအပျောက်ရှိသည့် ဘာဂျောလူမျိုးစုနေထိုင်ရာ ဒေသသို့ အမေရိကန်တို့၏ လေကြောင်းတိုက်ခိုက်မှုကို ပါကစ္စတန်အစိုးရအဖွဲ့က အင်္ဂါနေ့တွင် ပြင်းထန်စွာ ပြစ်တင်ရှုတ်ချလိုက်သည်။

၁၈ဦးသေဆုံး

ပါကစ္စတန်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံနယ်စပ်အနီး ဘာဂျောဒေသ၊ ဒါမာဒိုလာကျေးရွာမှ နေအိမ်သုံးအိမ်ကို အမေရိကန်ဗုံးကျည်များ ထိမှန်သဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအပါအဝင် အနည်းဆုံးလူ၁၈ဦး သောကြာနေ့က သေဆုံးသည်။

ပြောကြား

ပါကစ္စတန်နိုင်ငံက အကြမ်းဖက်မှု အသွင်အားလုံးနှင့် သရုပ်သကန်အားလုံးကို ဖယ်ရှားပစ်ရန် ဆုံးဖြတ်ထားကြောင်း၊ သို့သော် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကိုလည်း လေးစားရမည်ဖြစ်ကြောင်း ပါကစ္စတန် ပြန်ကြားရေးဝန်ကြီး ရှိတ်ရာရှစ်က အစိုးရအဖွဲ့အစည်းအဝေး အပြီးတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားလိုက်သည်။

အသိပေးခြင်းမရှိ

ပါကစ္စတန်နိုင်ငံသည် ညွှန့်ပေါင်းတပ်ဖွဲ့များနှင့် သတင်းဖလှယ်မှု ရှိရန် နားလည် သဘောပေါက်ကြောင်း၊ သို့သော် ဤကိစ္စတွင် ကြိုတင် အသိပေးခြင်းမရှိကြောင်း ပြန်ကြားရေး ဝန်ကြီး ရှိတ်ရာရှစ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ရွှေဟင်္သာတိုက်သစ် ဆရာတော် မွေးနေ့အလှူ

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် (၁၃)ရပ်ကွက် ရွှေယင်းမာလမ်းရှိ ရွှေဟင်္သာ တိုက်သစ် ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ သုစိတ္တာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ ရွှေကျင်နိကာယဂိုဏ်းလုံး ဝန်ဆောင် နာယက) ဆရာတော်ကြီး၏ သက်တော်(၈၅)နှစ်ပြည့် မွေးနေ့အလှူနှင့် ဆရာတော်ကြီး သီတင်းသုံးရန် ဦးလှရွှေ–ဒေါ်ရင်ခွမ် မိသားစု (ကမ်းနားလမ်း ကြည့်မြင်တိုက်)က ကျပ် ၆၂သိန်းမတည်၍ ဒါယကာ၊ ဒါယိကာမများ စုပေါင်းလှူဒါန်းသော ထေရာဝါသ စံကျောင်းတော် ရေစက်ချ အလှူတော်မင်္ဂလာကို ဇန်နဝါရီ၂၁ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ **(က–ပ)**

နိုင်ဂျီးရီးယားအကျဉ်းသား ၃၇၂ဦးအား ထိုင်းအစိုးရက ပြန်လည်လွှတ်ပေးခဲ့

လေဂို့စ် ဇန်နဝါရီ ၂၀

ထိုင်းနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ထောင်ဒဏ်ကျခံနေရသည့် နိုင်ဂျီးရီးယားနိုင်ငံသား ၃၇၂ဦးအား ထိုင်းအစိုးရက ပြန်လည်လွှတ်ပေးခဲ့ကြောင်း ထိုင်းကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီး ပရီချာလော်ဟာပေါင်ချာက ဇန်နဝါရီ ၁၆ရက်၌ ပြောကြားသည်။

ယင်းကဲ့သို့ ထိုင်းအစိုးရက နိုင်ဂျီးရီးယားအကျဉ်းသားများအားပြန်လွှတ်ပေးခြင်းမှာ နိုင်ဂျီးရီးယားသမ္မတ အိုလူဆီဂန်အိုဘာဆန်ဂျို၏ မေတ္တာရပ်ခံချက်အရ လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း နိုင်ဂျီးရီးယားနယူးအေဂျင်စီက ပြောကြားသည်။

အဆိုပါ ထိုင်းဒုတိယဝန်ကြီးသည် နိုင်ဂျီးရီးယားနိုင်ငံသို့ ကုန်သွယ်ရေး ကိုယ်စားလှယ် ၃၁ဦးကို ဦးဆောင်ကာ စိုက်ပျိုးရေးဝန်ကြီး မာလန်အဒါမူဘယ်လ်လိုနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

၎င်းထိုင်းကိုယ်စားလှယ်အဖွဲ့သည် နိုင်ဂျီးရီးယားနိုင်ငံတွင် ဆန်စက်များ တည်ဆောက်ရန်နှင့် အခြားစီးပွားရေးလုပ်ငန်းများ လေ့လာရန်လာရောက်ခဲ့ ခြင်းဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

● ကျောဖုံးမှ

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင်များ၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်း အမှတ်စဉ်(၃၇) သင်တန်းသား သင်တန်းသူ လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့်ပညာရေးဘွဲ့(ဘီအီးဒီ)မှ သင်တန်းကြီးကြပ်သူ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုညစာ စားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ ညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှုအကပဒေသာတို့ဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

(သတင်းစဉ်)

❒ ကျောဖုံးမှ

တက်ရောက်

ထို့သို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းတို့ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Bhaskar Kumar Mitra နှင့် စစ်သံမှူး Colonel Jasvinder Singh Chopra တို့လည်းတက်ရောက်ကြသည်။

(သတင်းစဉ်)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့
အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။
* ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ကြည့်ရှုအားပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ အကြိမ်(၂၀)မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၆)တွင် ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ညီလာခံအတွက်မှတ်ပုံတင်နိုင်

ရန်ကုန် ဇန်နဝါရီ ၂၀

(၂၆)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန် အသင်း ညီလာခံနှင့် 7th FDI MDA Joint Educational အစည်းအဝေးကို ဇန်နဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

ညီလာခံတက်ရောက်မည့် သွားဘက်ဆိုင်ရာ ဆရာဝန်များသည် ဇန်နဝါရီ ၂၃ ရက်နှင့် ၂၄ ရက်များတွင် အဆိုပါဟိုတယ် ညီလာခံ မှတ်ပုံတင်ရုံးခန်း၌ နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးတင်အေး ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ အကြိမ်(၂၀)မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၆)သို့ တက်ရောက်ကြည့်ရှုအားပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးသည် မွန်းလွဲ ၁နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ အကြိမ် (၂၀) မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၆) ကျင်းပလျက်ရှိသည့် မြန်မာ့ကျောက်မျက်ရတနာခန်းမသို့ ရောက်ရှိလာရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ဒါရိုက်တာအဖွဲ့ဝင်များ၊ ရောင်းချရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် မြန်မာ့ကျောက်မျက်ရတနာခန်းမရှိ ဈေးပြိုင်ခန်းမ၌ ကျောက်မျက်နှင့်ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေး၍ ပြည်တွင်းပြည်ပ ရတနာကုန်သည်များက ငွေပေးသွင်းမှုများကို ကြည့်ရှုပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၆ ခုနှစ် ဇန်နဝါရီလ(၁၉)ရက်နေ့အထိ နိုင်ငံအဝန်းတွင်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၄၇၆၆၇)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေ ပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ပြည်သူလူထုလိုလားတောင့်တနေသော ရည်မှန်းချက်ပန်းတိုင်ကို ဖော်ဆောင်ပေးမည့် အမျိုးသားညီလာခံ အောင်အောင်မြင်မြင်ကျင်းပပြီးစီးရေး ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် အသက်သွေးကြောတမျှအရေးကြီး

စစ်မှန်သည့် ပြည်သူလူထုကိုယ်စားလှယ်များတက်ရောက်ပြီး အမျိုးသားရေးတာဝန်ကြီးကို ထမ်းဆောင်နေ နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုး စည်းစည်းလုံးလုံးဆွေးနွေးတိုင်ပင်နေသည့်မြင်ကွင်း အားရကျေနပ်စဖွယ်ဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၀

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကကြီးမှူးကျင်းပသော အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ဇန်နဝါရီ၁၈ရက် နံနက်၇နာရီ ၁၅မိနစ်တွင် မော်လမြိုင်မြို့ ရာမညအားကစားကွင်း၌ ကျင်းပသည်။

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိ အငြိမ်းစားပြည်နယ်တရားသူကြီး ဦးညွန့်တင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါလူထုအစည်းအဝေးသို့ မွန်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး နှင့်အလုပ်အမှုဆောင်များ၊ မော်လမြိုင်ခရိုင်၊ သထုံခရိုင်နှင့်မော်လမြိုင်၊ ချောင်းဆုံ၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်၊ရေး၊ သထုံ၊ ပေါင်၊ ဘီးလင်း၊ ကျိုက်ထိုမြို့နယ်တို့မှပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးများနှင့်အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့်မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးတို့မှ အသင်းအဖွဲ့ဝင်များ၊ မွန်၊ ကရင်နှင့်ပအိုဝ်းတိုင်းရင်းသားများ၊ မော်လမြိုင်တက္ကသိုလ်နှင့်မော်လမြိုင်ပညာရေးကောလိပ်တို့မှ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ သူနာပြုဆရာမများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဟိုတယ်လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပေါင်၊မုဒုံ၊ ကျိုက်မရောမြို့နယ်တို့မှ ပြည်သူများ၊ မော်လမြိုင်မြို့ပေါ်(၂၂)ရပ်ကွက်မှ ပြည်သူများ၊ ဘင်ခရာတပ်ဖွဲ့နှင့် ပန်းဖွားအကအဖွဲ့ဝင်များ စုစုပေါင်းပြည်သူလူထုအင်အား ၂၅၀၀၀ကျော်တို့တက်ရောက်ကြသည်။

လူထုအစည်းအဝေးမစတင်မီ နံနက် ၅နာရီခွဲမှစ၍ ပြည်သူလူထုကြီးသည် စစ်တောင်း၊ သံလွင်၊အတ္ထရံနှင့်ဂျိုင်းဟူသော စစ်ကြောင်းကြီးလေးကြောင်းဖြင့်လူထုအစည်းအဝေးပွဲကြီးကျင်းပရာ ရာမညအားကစားကွင်းအတွင်းသို့ စနစ်တကျချီတက်နေရာယူကြရာ စစ်ကြောင်းမှူး ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ချယ်နှင့် ဒုတိယစစ်ကြောင်းမှူး မော်လမြိုင်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသန်းလွင်တို့ဦးဆောင်သော စစ်ကြောင်းအမှတ်(၁)စစ်တောင်းစစ်ကြောင်းသည် ဒိုင်းဝန်ကွင်းလမ်း မော်လမြိုင်မြို့ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းရှေ့စုရပ်မှ ပြည်သူလူထုအင်အား ၅၅၀၀ကျော်ဖြင့်လည်းကောင်း၊ စစ်ကြောင်းမှူး ပြည်နယ်မီးသတ်ဦးစီးမှူး ဦးတင်အေးနှင့် ဒုတိယစစ်ကြောင်းမှူး မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးငွေရတို့ ဦးဆောင်သော စစ်ကြောင်းအမှတ်(၂)သံလွင်စစ်ကြောင်းသည် အထက်လမ်းမကြီးရှိ ပြည်နယ်မီးသတ်ဦးစီးဌာနရှေ့ ပြည်သူလူထုအင်အား ၇၀၀၀ကျော်ဖြင့်လည်းကောင်း၊ စစ်ကြောင်းမှူး ခရိုင်သစ်တောဦးစီးဌာနမှူး ဦးလှထွန်းနှင့်ဒုတိယစစ်ကြောင်းမှူး မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးသန်းအေးတို့ဦးဆောင်သော စစ်ကြောင်းအမှတ်(၃) အတ္ထရံစစ်ကြောင်းသည် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းစုရပ်မှ ပြည်သူလူထုအင်အား ၆၀၀၀ကျော်ဖြင့်လည်းကောင်း၊ စစ်ကြောင်းမှူး ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးမင်းချစ်မောင်နှင့် ဒုတိယစစ်ကြောင်းမှူး မော်လမြိုင်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးသန်းစိန်တို့ဦးဆောင်သော စစ်ကြောင်းအမှတ်(၄) ဂျိုင်းစစ်ကြောင်းသည်ကမ်းနားလမ်း အတ္ထရံဟိုတယ်အနီးစုရပ်မှ ပြည်သူလူထုအင်အား ၇၀၀၀ကျော်ဖြင့်လည်းကောင်း စစ်ကြောင်းပုံစံဖြင့်ချီတက်၍ ရာမညအားကစားကွင်းရှိသတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

သဘာပတိ

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် အငြိမ်းစားပြည်နယ်တရားသူကြီးဦးညွန့်တင်ကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မြို့မိမြို့ဖတစ်ဦးဖြစ်သူ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးခွန်အောင်ငြိမ်း၊ စက်မှုလုပ်ငန်းရှင် ဦးညွန့်ဝေ၊ အငြိမ်းစားပြည်နယ်ပညာရေးမှူး ဦးအေးရှိန်၊ အငြိမ်းစားအရေပြားအထူးကုဆရာဝန်ကြီး ဒေါက်တာစောဝါးထူး၊စီးပွားရေးလုပ်ငန်းရှင် ဦးတင်မော်နှင့် အငြိမ်းစားပြည်နယ်ပညာရေးမှူး ဦးသန်းမြင့်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် မော်လမြိုင်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်စန်းစန်းဝင်းကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် မော်လမြိုင်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဒေါ်နေခြည်ဦးကလည်းကောင်းဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက သဘာပတိ၏ခွင့်ပြုချက်အရ လူထုအစည်းအဝေးစတင်ကြောင်းကြေညာကာ လူထုအစည်းအဝေးသို့တက်ရောက်လာကြသူများက နိုင်ငံတော်အလံအားအလေးပြုကြသည်။

ထို့နောက် သဘာပတိအငြိမ်းစားပြည်နယ်တရားသူကြီး ဦးညွန့်တင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံသည့် အခမ်းအနားသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကိုယ်တိုင် အမျိုးသားနိုင်ငံရေးစိတ်ဓာတ် အပြည့်အဝဖြင့် ဆန္ဒဖော်ထုတ်သည့် လူထုအစည်းအဝေးပွဲကြီး တစ်ရပ်ဖြစ်သည် ဟုပြောကြားလိုပါကြောင်း။

အမျိုးသားရေးအနှစ်သာရ

ယခုဆိုလျှင် အမျိုးသားညီလာခံကြီးတွင် ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး ချမှတ်ခဲ့သည့် အခြေခံမူ (၁၀၄)ချက်နှင့် အသေးစိတ်အခြေခံရမည့်မူများသည် တိုင်းရင်းသားပြည်သူအားလုံး၏ဆန္ဒ၊ အမျိုးသားရေးအနှစ်သာရကိုအခြေခံပါကြောင်း။

အမျိုးသားညီလာခံကြီးသည် တစ်မျိုးသားလုံးနှင့် တစ်နိုင်ငံလုံးကိုကိုယ်စားပြုသည့် တိုင်းပြုပြည်ပြုညီလာခံကြီးဖြစ်ပါကြောင်း၊ တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစားအလွှာပေါင်းစုံ၊ ပါတီပေါင်းစုံတို့ မျက်နှာစုံညီတွေ့ဆုံဆွေးနွေး ညှိနှိုင်းဆုံးဖြတ်ပြီး အနာဂတ်နိုင်ငံတော်သစ်ကို ပန္နက်ရိုက်အုတ်မြစ်ချနေသည်ကိုတွေ့မြင်ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံကြီးသည် အမျိုးသားနိုင်ငံရေးဆိုင်ရာဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု၏ သမိုင်းစဉ်တရားဖြစ်သည့်အတွက် မည်သည့်ပါတီအဖွဲ့အစည်း၊ မည်သည့်လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကမျှ ဟန့်တားပိတ်ပင်တားဆီးမရနိုင်ဘူးဟုပြောကြားလိုပါကြောင်း။

အခြေခံဥပဒေလိုအပ်

၁၉၉၆ ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကြီးတွင် အသင်းကြီး၏နာယက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက **"ဒို့နိုင်ငံမှာတည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုအခြေခံပေါ်မှာ ဒို့ရဲ့ သွေးချင်းသားချင်း တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်မှုကို အခိုင်အမာဖြစ်အောင် တည်ဆောက်ကြရမယ်၊ ဒို့နိုင်ငံရဲ့အနာဂတ်လမ်းခရီး ဖြောင့်ဖြူးဖို့၊ နိုင်ငံတော်ဟာဆက်လက်ပြီး ငြိမ်းချမ်းသာယာမှုရှိသွားတာနဲ့အတူ၊ ဖွံ့ဖြိုးမှုလည်းထက်ကြပ်မကွာဖြစ်ပေါ်သွားအောင်ဆိုရင် တိုင်းရင်းသားလူမျိုးအားလုံးအလေးထားပြီး လိုက်နာကျင့်သုံးရမယ့် အခြေခံဥပဒေရှိဖို့လိုအပ်ပါတယ်။**

ဒါကြောင့် ခိုင်မာတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီးဖြစ်ပေါ်လာအောင်ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်၊ အမျိုးသားညီလာခံကြီး ချောချောမောမောနဲ့ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခြင်းဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အဓိကကျတဲ့အကြောင်းရင်းပဲဖြစ်ပါတယ်။

အမျိုးသားညီလာခံကြီးကို ကြန့်ကြာအောင်၊ ပျက်ပြားအောင်၊ အနှောင့်အယှက်၊ အဟန့်အတားပြုမယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေမပေါ်ပေါက်နိုင်သောကြောင့်လည်းကောင်း၊ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးအောင်၊ ပျက်ပြားအောင်၊ နှောင့်ယှက်ဟန့်တားပိတ်ဆို့မှုများပြုလုပ်သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့လျှင်သော်လည်းကောင်း၊ ဤပုံသဏ္ဌာန်ဖြင့် အုပ်ချုပ်ရေးဟာကြာရှည်လေးဖင့်သွားနိုင်တဲ့အနေအထားရောက်ရှိသွားမှာဖြစ်တယ်" ဟုမိန့်ကြားခဲ့ပါကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့

ပေါင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါက်တာဝင်းကျော်သူ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မော်လမြိုင်မြို့နယ် ရွှေမြိုင်သီရိရပ်ကွက်မှ မြို့မိမြို့ဖ ဦးကျော်ရှိန် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မော်လမြိုင် စက်မှုဇုန်မှ စက်မှုအလုပ်သမား ဦးမြင့်ဇော်ဝင်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မော်လမြိုင်မြို့နယ် မင်းရွာကျေးရွာမှ တောင်သူလယ်သမား ဦးကျော်ညွန့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

ခိုင်မာသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာရေး ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး လိုအပ်ချက်ပင်ဖြစ်

ပြတ်ပြတ်သားသားဆောင်ရွက်

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်တွင်းရေးအခြေအနေကို ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ကို အရင်းခံထားပြီး၊ အမျိုးသားနိုင်ငံရေးခံယူချက်ဖြင့် နိုင်ငံတော်နှင့်ပြည်သူအကျိုးအတွက် ပြတ်ပြတ်သားသားဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အဓိကအမျိုးသားနိုင်ငံရေးလိုအပ်ချက်သည် ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာရေးပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်ခဲ့ပါကြောင်း၊ ပထမဆုံးနှင့် အခြေခံအကျဆုံးအချက်သည် အမျိုးသားညီလာခံကြီးအောင်မြင်အောင် ကျင်းပပြီးစီးရေးပင်ဖြစ်သည်ဆိုသည်ကို ပြည်သူလူထုအားလုံးအသိပင်ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်များ၌ ခေတ်ကာလအဆက်ဆက်တွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် နိုင်ငံရေးအတွေ့အကြုံရှိခဲ့သူများ ပါဝင်ကြသကဲ့သို့ ပါရဂူဘွဲ့ရသူ၁၆ဦး၊ ဘွဲ့လွန်၅၅ဦး၊ ဘွဲ့ရသူ ၅၉၇ဦး၊ ဒီပလိုမာဘွဲ့ရသူ၂၁ဦးနှင့် ပညာတတ်များ ပါဝင်ကြပြီး အသိပညာ ဗဟုသုတ အတွေ့အကြုံကြွယ်ဝသူများလည်း ပါဝင်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီးတွင် တက်ရောက်ပြီး စည်းကမ်းပြည့်ဝသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး အလျင်အမြန်ဖြစ်ပေါ်လာနိုင်ရေးအတွက် နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးကို စေတနာမေတ္တာအပြည့်အဝထားပြီး တစ်ဦးနှင့်တစ်ဦး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင်ဖြင့် ပျော်ရွှင်တက်ကြွစွာ အချင်းချင်း လွတ်လွတ်လပ်လပ် ဆွေးနွေးညှိနှိုင်းတိုင်ပင်နေသည့်မြင်ကွင်းများကို မြန်မာ့ရုပ်မြင်သံကြားတွင် နေ့စဉ်နှင့်အမျှ တွေ့ရှိနေရသည့်အတွက် အထူးအားရကျေနပ်စဖွယ်ဖြစ်ပါကြောင်း၊ မိမိတို့ မွန်ပြည်နယ်ကဆိုလျှင်လည်း ပြည်သူကိုယ်စားဖြစ်သည့် ပညာတတ်အရည်အချင်းရှိသူ စစ်မှန်သည့်ပြည်သူများ၏ ကိုယ်စားလှယ်များ အမျိုးသားညီလာခံကြီးတွင် တက်ရောက်နေကြသည်ကို တွေ့မြင်နေရမည်ဖြစ်ပါကြောင်း။

အမျိုးသားရေးတာဝန်

ဤကဲ့သို့ အောင်အောင်မြင်မြင်ကျင်းပနေသော အမျိုးသားညီလာခံကြီးတွင် ရာခိုင်နှုန်းပြည့်နီးပါး တက်ရောက်လာကြသည့် ကိုယ်စားလှယ်ကြီးများသည် ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ဘဲ အမျိုးသားညီလာခံကြီး အောင်မြင်စွာ

မော်လမြိုင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခိုင်ခိုင်မော် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

ဆက်လက်ကျင်းပနေသည်ကို ပြည်သူလူထုတစ်ရပ်လုံး မျက်မြင်ကိုယ်တွေ့ပင်ဖြစ်သကဲ့သို့ ဖန်တီးလုပ်ဆောင်ခြင်းမျိုးမဟုတ်ပဲ စစ်မှန်သည့် ပြည်သူလူထုကိုယ်စားလှယ်များ တက်ရောက်ပြီး အမျိုးသားရေးတာဝန်ကြီးကို အထင်အရှားတာဝန်ထမ်းဆောင်နေသည်ပင်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ပြည်သူလူထုအားလုံးက လိုလားတောင်းတနေသော ရည်မှန်းချက်ပန်းတိုင်ကြီးကို ဖော်ဆောင်ပေးမည့် အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပပြီးစီးရေးသည် ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် အလွန့်အလွန်အသက်သွေးကြောတမျှ အရေးကြီးပါကြောင်း၊ မိမိအနေဖြင့် လေးလေးနက်နက် ပြောကြားလိုက်ပါကြောင်း၊ ထို့ကြောင့် ပြည်ပသြဇာခံ ပြည်တွင်းပြည်ပအဖျက်သမားများနှင့် ဆူးငြောင့်ခလုတ် အန္တရာယ်အသွယ်သွယ်ကို မပြတ်သောသတိဖြင့် ဖယ်ရှားပြီး **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဆိုသည့် စကားအမှန်အတိုင်း မိမိတို့ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အရင်းခံပြီး အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပပြီးစီးနိုင်ရန် တစ်ခဲနက် ထောက်ခံကြပါစို့ဟု တိုက်တွန်းကြောင်းဖြင့်ပြောကြားသည်။

အမျိုးသားနိုင်ငံရေးအသိစိတ်ဓာတ်

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ပေါင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါက်တာဝင်းကျော်သူက အဆိုတင်သွင်း ဆွေးနွေးတင်ပြရာတွင် မိမိအနေဖြင့် နိုင်ငံတော်၏ အမှန်တကယ် အမျိုးသားရေး လိုအပ်ချက်ဖြစ်သော အမျိုးသားညီလာခံကြီးအောင်မြင်စွာကျင်းပနေခြင်းကို အမျိုးသားနိုင်ငံရေးအသိစိတ်ဓာတ်အရင်းခံပြီး လှိုက်လှိုက်လှဲလှဲထောက်ခံ သည့် အဆိုကို ပြည်သူတစ်ရပ်လုံး၏ကိုယ်စား တင်သွင်းသွားမည်ဖြစ်ပါ ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ကမ္ဘာ့အလယ်တွင်ထည်ဝါစွာ ရပ်တည်သွားနိုင်ရန်အတွက် တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးစွာဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ **စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်**ထူထောင်လျက်ရှိပါကြောင်း၊ မြန်မာ့နိုင်ငံရေးသမိုင်းတွင် အမျိုးသားသင့်မြတ်စည်းလုံးရေးကို ရှေးရှုပြီး အမျိုးသားညီလာခံတစ်ရပ် ကျင်းပနိုင်ရန် အစိုးရအဆက်ဆက်အားထုတ်ခဲ့ကြပါကြောင်း၊ သို့ရာတွင်အကြောင်းအမျိုးမျိုးကြောင့် မကျင်းပနိုင်ခဲ့သည်ကို ပြည်သူလူထုတစ်ရပ်လုံးသိရှိခဲ့ပြီး ဖြစ်ပါကြောင်း။

အတော်ခရီးပေါက်အောင်မြင်

ယနေ့ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးသည် မြန်မာနိုင်ငံသမိုင်းတွင်တိုင်းရင်းသားကိုယ်စားလှယ်အစုံလင်ဆုံးညီလာခံကြီးဖြစ်ပြီး ယခုဆိုလျှင်အမျိုးသားညီလာခံကြီးသည် အတော်ခရီးပေါက်အောင်မြင်နေပြီဖြစ်ကြောင်း တွေ့မြင်နေရပြီဖြစ်ပါကြောင်း။

ယခုကျင်းပနေသည့် အမျိုးသားညီလာခံကြီး၏ ဝိသေသလက္ခဏာ (၅) ရပ်ကိုထူးခြားစွာတွေ့ရှိနိုင်ပါကြောင်း၊ ဤထူးခြားချက်များမှာ–

(၁) လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်ပထမဦးဆုံးတစ်မျိုးသားလုံးကို ကိုယ်စားပြုပြီး ကျယ်ပြန့်စွာကျင်းပနိုင်သည့် အမျိုးသားညီလာခံကြီးဖြစ်ခြင်း။

(၂) တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ လူထုလူတန်းစားအလွှာပေါင်းစုံတို့၏ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ပေါင်းစုံတို့၏ကိုယ်စားလှယ်များစုံညီသော ပထမဦးဆုံးမျက်နှာစုံညီအမျိုးသားညီလာခံကြီးဖြစ်ခြင်း။

(၃) တစ်မျိုးသားလုံးကို ကိုယ်စားပြုသည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအပြန်အလှန်ယုံကြည်ကိုးစားမှုကိုရှေးရှုကျင်းပသည့် ညီလာခံကြီးဖြစ်ခြင်း။

(၄) နှစ်ရှည်ကြာစွာအစိုးရအဆက်ဆက်ကို ဆန့်ကျင်လာခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့ဥပဒေဘောင်အတွင်း ဝင်ရောက်လက်တွဲလာချိန်တွင် အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးနှင့်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးကို ရှေးရှုကျင်းပသည့် အမျိုးသားညီလာခံကြီးဖြစ်ခြင်း။

မွန်ပြည်နယ် အမျိုးသမီး ရေးရာအဖွဲ့ဝင် ဒေါ်တင်တင်ကျော် အမျိုးသား ညီလာခံအား ကြိုဆို ထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

(၅) တစ်မျိုးသားလုံး ရေရှည်အကျိုးစီးပွားကို အပြည့်အဝဆောင်ရွက်သွားနိုင်ရေးအတွက် ဦးတည်ချက် ခြောက်ရပ်နှင့်အညီ အချိန်ယူကျင်းပသည့် ညီလာခံကြီးဖြစ်ခြင်းတို့ပင် ဖြစ်ပါကြောင်း။

ပြည်တွင်းအင်အားပေါ်အခြေခံ

မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးသည် မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးဆိုင်ရာ အမျိုးသားရေးလုပ်ငန်းစဉ်ကြီး တစ်ရပ်ပင်ဖြစ်ပါကြောင်း၊ ပြည်တွင်းရေးရာကိစ္စသက်သက်ဖြစ်သဖြင့် နိုင်ငံသူနိုင်ငံသား စစ်စစ်များကပင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိ၏ ပြည်တွင်းရေးဆိုင်ရာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးသည် ပြည်တွင်းအင်အားပေါ်တွင်သာ အခြေခံထားသည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ အနာဂတ်အရေးကိုလည်း မိမိတို့ ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်းပဲ ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ပြီး မိမိတို့အားလုံး မျှော်လင့်ထားသည့် ဒီမိုကရေစီနိုင်ငံကြီးကို တည်ဆောက်သွားကြရန် ပြည်သူတစ်ရပ်လုံး ခိုင်ခိုင်မာမာ ဆုံးဖြတ်ထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ပေါက်ရေးအတွက် မီးရှူးတန်ဆောင်ကြီးဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်အောင်မြင်မြင် ကျင်းပပြီးစီးရေးကို အလေးအနက် ကြိုဆိုပါကြောင်း အဆိုတင်သွင်းရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ဝမ်းသာပီတိဖြစ်

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို မော်လမြိုင်မြို့နယ် ရွှေမြိုင်သီရိရပ်ကွက်မှ မြို့မိမြို့ဖ ဦးကျော်ရှိန်က ထောက်ခံဆွေးနွေးတင်ပြရာတွင် ယနေ့မိမိတို့နိုင်ငံတွင် ဘယ်ခေတ်ဘယ်အခါကနှင့်မျှမတူ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်နေသည်ကို ဘယ်သူမှငြင်း၍မရပါကြောင်း၊ ယခင်ကဆိုလျှင် မိမိတို့ မွန်ပြည်နယ်တွင် သောင်းကျန်းမှုအန္တရာယ်ကြောင့် အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်းမစားရ၊ ဟိုပြေးဒီလွှားကြီးလန့်စာစား ဘဝမျိုးဖြင့် ရင်ဆိုင်ခဲ့ကြရပါကြောင်း၊ ယခုဆိုလျှင် နိုင်ငံတော်အစိုးရ၏ စေတနာအမှန်ကို သိရှိနားလည် သဘောပေါက်ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကာ နိုင်ငံတော်အရေးအတွက် တက်ညီလက်ညီ စည်းစည်းလုံးလုံး တိုင်တိုင်ပင်ပင် ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန် အမျိုးသားညီလာခံကြီး၌ ပါဝင်ဆောင်ရွက်နေသည်ကို တွေ့ရသဖြင့် အထူးပင်ဝမ်းသာပီတိဖြစ်ရပါကြောင်း။

မိမိတို့သည် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုကိုပဲ လိုလားပါကြောင်း၊ အဖျက်အမှောင့်ဆူးငြောင့်ခလုတ်များကို မလိုလားပါကြောင်း။

မြန်မာ့မြေပေါ်တွင်မွေးပြီး မြန်မာ့မြေပေါ်တွင် ကြီးပြင်းလာခဲ့သော မိမိတို့ မြန်မာတိုင်းရင်းသားလူမျိုးများသည် မိမိနိုင်ငံနှင့် မိမိလူမျိုးအကြောင်း အသိဆုံးဖြစ်ကြောင်း၊ မိမိနိုင်ငံကို အချစ်မြတ်နိုးဆုံးဖြစ်ကြောင်း၊ တိုင်းရင်းသားညီအစ်ကိုများအားလုံးက အေးချမ်းပြီး မိမိတိုင်းပြည်တိုးတက်ကောင်းစားသည်ကို အလိုလားဆုံးဖြစ်ကြောင်း။

မျက်မြင်ကိုယ်တွေ့

ထို့ကြောင့် တပ်မတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက်(၁၂)ရပ်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်တိုးတက်လာရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံမှ အခြေခံအဆောက်အအုံများ၊တည်ဆောက်ပြီး၊ တည်ဆောက်ဆဲတို့ကို ပြည်သူလူထုတစ်ရပ်လုံး မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ပါကြောင်း။

တစ်ဆက်တည်းမှာပင် အမျိုးသားရေးလုပ်ငန်းစဉ်ကြီးဖြစ်သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကိုလည်း အောင်အောင်မြင်မြင် ကျင်းပလျက်ရှိသည်ကို ပြည်သူလူထုတစ်ရပ်လုံး တစ်ခဲနက်ထောက်ခံနေသည်ကိုလည်း ဝမ်းသာအားရကျေနပ်မိပါကြောင်း။

အမျိုးသားညီလာခံကြီးသည် စစ်မှန်သောညီလာခံကြီးဖြစ်သည့်အပြင် အနာဂတ်နိုင်ငံတော်အတွက် အရေးကြီးဆုံးသော ညီလာခံကြီးဖြစ်သည်ဆိုသည်မှာ ထင်ရှားပေါ်လွင်လှပါကြောင်း၊ ထို့ကြောင့် မိမိတို့ ပြည်သူတစ်ရပ်လုံးအနေဖြင့် ဤအမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးရေးအတွက် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် စည်းစည်းလုံးလုံး ညီညီ

မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်မှူး ထွန်းထွန်းအောင် (အငြိမ်းစား) အမျိုးသား ညီလာခံအား ကြိုဆို ထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

ညွတ်ညွတ် တစ်စိတ်တစ်ဝမ်းတည်း လှိုက်လှိုက်လှဲလှဲထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးတင်ပြသည်။

လိုက်လျောညီထွေ

ထို့အတူ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်တင်တင်ကျော်က ထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ယနေ့အဓိကလိုအပ်ချက်မှာ တိုင်းရင်းသားလူမျိုးများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာရေးပင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ယခင်ဖွဲ့စည်းပုံ

စာမျက်နှာ ၆ ကော်လံ ၁ သို့

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်စန်းစန်းဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မော်လမြိုင်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နေခြည်ဦးတို့ ဆောင်ရွက်ကြစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၅ မှ

အခြေခံဥပဒေ၏ အားနည်းချက်များကြောင့် ပြည်ထောင်စုကြီးပြိုကွဲမည့် အန္တရာယ်ဆိုးများ၊ စီးပွားရေး၊ နိုင်ငံရေးအကျပ်အတည်းများဖြစ်ပေါ်ခဲ့ရပြီး ဒုက္ခပင်လယ်ဝေခဲ့ရသည်ကို အားလုံးသိနေပြီဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် သက်ဆိုင်ရာ နိုင်ငံ၏ယဉ်ကျေးမှုဓလေ့ထုံးစံ သမိုင်းကြောင်းအစဉ်အလာ ပထဝီအနေအထား၊ စီးပွားရေး၊ လူမှုရေးအနေအထားများ နှင့်လိုက်လျောညီထွေရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းကျင့်သုံး အကောင်အထည်ဖော်လျက်ရှိကြပါကြောင်း။

ယခုဆိုလျှင် အမျိုးသားညီလာခံကြီး၏ လုပ်ငန်းစဉ်များတွင် အသေးစိတ်အခြေခံရမည့် မူများနှင့်ပတ်သက်၍ နိုင်ငံတော်အခန်းတွင် အသေးစိတ်အခြေခံရမည့်မူများ၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းအတွက်အသေးစိတ်အခြေခံရမည့်မူများ၊ နိုင်ငံတော်အကြီးအကဲအတွက် အသေးစိတ်အခြေခံရမည့်မူများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း(သို့မဟုတ်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသတ်မှတ်ရေးအတွက် အသေးစိတ်အခြေခံရမည့်မူများ၊ ဥပဒေပြုရေးဆိုင်ရာအတွက် အသေးစိတ်အခြေခံရမည့်မူများ၊ အုပ်ချုပ်ရေးဆိုင်ရာအတွက်အသေးစိတ်အခြေခံရမည့်မူများ၊တရားစီရင်ရေးဆိုင်ရာအတွက် အသေးစိတ်အခြေခံရမည့်မူများနှင့်ပတ်သက်ပြီးဆွေးနွေးအကြံပြုချက်များနှင့်အညီ မူချမှတ်နိုင်သည် အထိအတော်ခရီးရောက် အောင်မြင်ပြီးစီးနေပြီဖြစ်ပါကြောင်း။

တစ်စိတ်တည်းတစ်ဝမ်းတည်း

နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေး ရှေးရှုဦးတည်နေသည့် အမျိုးသားညီလာခံကြီးရာနှုန်းပြည့်အောင်မြင်ရေးအတွက် တစ်မျိုးသားလုံးက တစ်စိတ်တည်း တစ်ဝမ်းတည်းကြိုဆိုထောက်ခံပါကြောင်း၊ ပြတ်ပြတ်သားသားတင်ပြရပါကြောင်းဖြင့်ထောက်ခံဆွေးနွေးတင်ပြသည်။

အလားတူအမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခိုင်ခိုင်မော်က ထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိတို့နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှုတွင် ခြေလှမ်းများစွာ နောက်ကျကျန်ရစ်ခဲ့သည့်အတွက် တပ်မတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ဦးတည်ချက်(၁၂)ရပ်ချမှတ်ကာ နေ့မအားညမနား၊ ဘက်စုံ၊ ကဏ္ဍစုံ ကွက်လပ်မကျန် တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ဘယ်ခေတ် ဘယ်အခါကနှင့်မျှမတူ နယ်စပ်ဒေသပါမကျန် ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ တောင်နှင့်မြောက်၊ အရှေ့နှင့်အနောက် လမ်းပန်းဆက်သွယ်ရေးများကလည်း သာယာဖြောင့်ဖြူး၍ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သွားရန်လာရန်အထူးကောင်းနေပြီ ဖြစ်ပါကြောင်း။

ဖွံ့ဖြိုးရေးဒေသကြီး၂၄ခုကို ထူထောင်ပြီး လေးပိုင်းခွဲခြား၍ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် ဆောင်ရွက်ပေးခဲ့သည့်အတွက် တက္ကသိုလ်၊ ကောလိပ်အဆင့်မြင့် ပညာရပ်များကို နယ်စပ်ဒေသအစွန်အဖျားပါမကျန် မိမိတို့ဒေသအတွင်းမှာပင် အိုးမကွာ၊ အိမ်မကွာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် လွယ်လွယ်ကူကူ သင်ယူနိုင်သည့် အခြေခံကောင်းများ ရရှိခံစားနေရပြီဖြစ်ပါကြောင်း။

ဤအခြေခံအဆောက်အအုံများသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး **“စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး”** တည်ထောင်ရေးအတွက် အခြေခံအုတ်မြစ်များပင် ဖြစ်ပါကြောင်း။

စဉ်ဆက်မပြတ်ကွင်းဆင်းလမ်းညွှန်

ဤကဲ့သို့ မြန်မာနိုင်ငံတစ်ဝန်းလုံး အခြေခံကောင်းများရရှိစေရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် စဉ်ဆက်မပြတ် ကွင်းဆင်းလမ်းညွှန်ကြပ်မတ် ဖြည့်ဆည်းပေးနေသည်ကို အားလုံးလက်တွေ့အမြင်ပင်ဖြစ်ပါကြောင်း။

မိမိတို့ မိခင်ဆိုသည်မှာ သားသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ကောင်းစားရေးကိုသာ အစဉ်ထာဝရရှေးရှုသည့် မွန်မြတ်သော စေတနာနှင့် စိတ်ဓာတ်ပဲရှိပါကြောင်း၊ အလားတူ နိုင်ငံတော်အစိုးရသည်လည်း မိဘပဲဖြစ်ကြောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီနိုင်ငံတော်ကြီးပေါ်ပေါက်ရေးတို့ကို မိဘဖြစ်သည့် နိုင်ငံတော်အစိုးရက မမိုတ်မသုန်သော ယုံကြည်ချက်သန္နိဋ္ဌာန်စိတ်ဖြင့် စေတနာအပြည့်အဝထားပြီး ဆောင်ရွက်ပေးနေသည်ဆိုသည်ကို မိမိတို့မျက်မြင်ကိုယ်တွေ့ခံစား၊ စံစားနေရပြီ ဖြစ်သဖြင့် လုံးဝဥဿုံ ယုံကြည်နေကြပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထုအတွက် အသက်တမျှအရေးကြီးသော အခြေခံဥပဒေပေါ်ပေါက်ရေးသည် မဖြစ်မနေ လိုအပ်နေသည့်အတွက် အမျိုးသားညီလာခံကြီးအောင်မြင်စွာကျင်းပပြီးစီးရေးကို မိခင်ဖခင်စိတ်ဓာတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပြည်သူလူထုတစ်ရပ်လုံး တစ်ခဲနက်ထောက်ခံသွားကြပါစို့ဟု ထောက်ခံဆွေးနွေးတင်ပြသည်။

ဆက်လက်၍အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်မှူးထွန်းထွန်းအောင်(အငြိမ်းစား)က ထောက်ခံဆွေးနွေးတင်ပြရာတွင် ယနေ့ဤအချိန်အခါတွင် အမျိုးသားညီလာခံကြီးသို့ ပြည်နယ်/တိုင်းအသီးသီးမှ ပြည်သူ့ကိုယ်စားလှယ်များသည် စုံညီစွာတက်ရောက်ပြီး အမျိုးသားညီလာခံကြီးအောင်မြင်ရေး တစ်စိတ်တစ်ဝမ်းတည်း ညှိနှိုင်းဆွေးနွေးဆောင် ရွက်နေကြသည်ကို အထူးတလည် ကြိုဆိုထောက်ခံပါကြောင်း နှစ်ထောင်းအားရ ပြောကြားလိုက်ပါကြောင်း။

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်နေ့က အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်သဘာပတိအမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် **“ကျွန်တော်တို့တပ်မတော်ကတော့ သမိုင်းစဉ်တစ်လျှောက်မှာ တိုင်းရင်းသားပြည်သူတွေရဲ့ အကျိုးစီးပွားကို ဘယ်တော့မှမျက်ကွယ်ပြုမှာမဟုတ်သလို တိုင်းရင်းသားပြည်သူတွေရဲ့ တရားတဲ့ရည်ရွယ်ချက်တွေ၊ မျှော်မှန်းချက်တွေ၊ ဆန္ဒတွေ အောင်မြင်မှုရအောင် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိပြီး ရိုးသားတဲ့တိုင်းရင်းသားပြည်သူတွေနဲ့ သေအတူရှင်မကွဲခိုင်ခိုင်မြဲမြဲလက်တွဲပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကိုအပြည့်အဝ အောင်မြင်မှုရတဲ့အထိကြိုးစားသွားဖို့အလေးအနက်သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါတယ်”** ဟုမိန့်ကြားသွားခဲ့ပါကြောင်း။

ကြွေးကြော်သံများ
တစ်ခဲနက်ကြွေးကြော်

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။

(သတင်းစဉ်)

ကာကွယ်စောင့်ရှောက်ထိန်းသိမ်း

မိမိတို့တပ်မတော်သည် သမိုင်းစဉ်တစ်လျှောက် တိုင်းရင်းသားပြည်သူများ၏အကျိုးစီးပွားကို မည်သည့်အခါတွင်မျှ မျက်ကွယ်မပြုခဲ့ဘဲ နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် ကျရောက်လာမည့် အန္တရာယ်ဆိုးများနှင့် ကြုံတိုင်းပြည်သူရှေ့မှ မားမားမတ်မတ်ရပ်တည်ကာ အကာအကွယ် ပေးခဲ့သည်ကို ပြည်သူတစ်ရပ်လုံး အသိပင်ဖြစ်ပါကြောင်း၊ ထို့အပြင် အမျိုးသားနိုင်ငံရေးလမ်းကြောင်းကို ယိမ်းယိုင်မှုမရှိစေရန်နှင့် အမျိုးသားရေးအကျိုးစီးပွားကို မထိပါးစေရန် မျက်ခြည်မပြတ်ကာကွယ်စောင့်ရှောက်ထိန်းသိမ်းပေးနိုင်သည့် အမျိုးသားနိုင်ငံရေးအင်အားစုကြီးဖြစ်သည့် တပ်မတော်သည်သာ အနာဂတ်နိုင်ငံတော်၏ ကံကြမ္မာကို ဖန်တီးပုံဖော်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ခြုံငုံတင်ပြရမည်ဆိုလျှင် မြန်မာ့သမိုင်းနှင့်တပ်မတော်သမိုင်းသည် ခွဲခြား၍မရအောင် တစ်ဆက်တစ်စပ်တည်း ဖြစ်ပေါ်လာခဲ့ပါကြောင်း၊ တပ်မတော်သည် မြန်မာ့လွတ်လပ်ရေးအတွက် လိုအပ်ချက်အရ တိုင်းရင်းသားပြည်သူများထဲက ပေါက်ဖွားလာသည့် တပ်မတော်ဖြစ်ပါကြောင်း။

ယနေ့ ကမ္ဘာတွင် လုံခြုံရေးကို ဦးစားပေးရှေ့တန်းတင်ထားနေရချိန်တွင် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး လုံခြုံရေးအတွက် အလေးပေးဆောင်ရွက်လျက်ရှိသည့် တပ်မတော်ကို ပြည်ထောင်စုလွှတ်တော်တွင် ပါဝင်စေခြင်းသည် နိုင်ငံတော်အတွက် အလွန်စိတ်ချရသည့် အခြေအနေဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မိမိတို့ ပြည်သူတစ်ရပ်လုံးအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် ယနေ့ကျင်းပနေသော အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပပြီးစီးရေးအတွက် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် အလေးအနက်ထောက်ခံကြောင်းဖြင့် ထောက်ခံဆွေးနွေးတင်ပြသည်။

စုပေါင်းလုံ့လပြုကြိုးပမ်း

ထို့အတူ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို မော်လမြိုင်စက်မှုဇုန်မှ စက်မှုအလုပ်သမား ဦးမြင့်ဇော်ဝင်းက ထောက်ခံဆွေးနွေးတင်ပြရာတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ ထမ်းဆောင်သွားရမည့် သမိုင်းပေးတာဝန်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးပင်ဖြစ်ပါကြောင်း၊ ဤအမျိုးသားရေးတာဝန်ကြီးကို မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ ယခုကျင်းပနေသည့် အမျိုးသားညီလာခံကြီးက စတင်တာဝန် ထမ်းဆောင်နေပြီဖြစ်ကြောင်း မီးမောင်းထိုးပြလိုပါကြောင်း၊ ထို့ကြောင့်လည်း ယနေ့ အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်ရေးကို တစ်မျိုးသားလုံး စုပေါင်းလုံ့လပြု ကြိုးပမ်းကြရန် တိုက်တွန်းနှိုးဆော်လိုက်ပါကြောင်း။

ယနေ့ တပ်မတော်အစိုးရက ကျန်းမာရေး၊ ပညာရေးသာမက၊ စီးပွားရေးနှင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးနေသကဲ့သို့ လက်မှုလယ်ယာမှ စက်မှုလယ်ယာ ကူးပြောင်းရေး၊ စက်မှုဇုန်ကြီး ၁၈ဇုန်ကို ထူထောင်ပြီး တိုင်းရင်းသားလုပ်ငန်းရှင်များအား မြေတောင်မြှောက်ပေးလျက်ရှိပါကြောင်း။

တွန်းလှန်ကျော်လွှား

မိမိတို့တစ်တွေသည် **“ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ပဲ”** နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ကနဦးခြေလှမ်းလည်းဖြစ် အခြေခံအကျဆုံးလည်းဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးအတွက် မည်သို့သော အခက်အခဲ အနှောင့်အယှက်မျိုးကိုမဆို တွန်းလှန်ကျော်လွှားပြီးသွားကြရမည်ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် အမျိုးသားညီလာခံကြီးကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးတင်ပြသည်။

အလားတူ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို မော်လမြိုင်မြို့နယ် မင်းရွာကျေးရွာမှ တောင်သူလယ်သမား ဦးကျော်ညွန့်က ထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အလျောက် နိုင်ငံ့လူဦးရေ၏ ၇၀ရာခိုင်နှုန်းသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောကဏ္ဍတစ်ခုခုကို မှီခိုအားထားပြီး အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိကြပါကြောင်း၊ ယနေ့ နိုင်ငံတော်ကချမှတ်ထားသည့် ဦးတည်ချက်(၁၂)ရပ်အနက် စီးပွားရေးဦးတည်ချက်(၄)ရပ်တွင် စိုက်ပျိုးရေးကို အခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုသည့် ဦးတည်ချက်တစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့ တောင်သူလယ်သမားများတွင် ဘယ်ခေတ် ဘယ်အခါကမှ မခံစားရဖူးသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်၏ အကျိုးကျေးဇူးများကို လက်တွေ့ခံစားနေရပြီဖြစ်ပါကြောင်း။

လက်တွေ့ခံစားနေရပြီ

ကျေးလက်ဒေသ လုပ်ငန်းစဉ် ငါးရပ်ဖြစ်သည့် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေး၊ စိုက်ပျိုးရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ ပညာရည်မြင့်မားရေး၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုပြည့်စုံရေး၊ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးစသည့် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝမြင့်မားရေးကို ဆောင်ရွက်ပေးရုံမျှမက ကျေးလက်မီးလင်းရေးနှင့် ကျေးလက်စာကြည့်တိုက်များတည်ဆောက်ရေးကိုတစ်ဆက်တည်းဆောင်ရွက်နေသည့်အတွက် မိမိတို့ကျေးလက်နေပြည်သူများ၏လူနေမှုစီးပွားရေးဘဝသည် မြင့်မားတိုးတက်လာသည်ကို လက်တွေ့ ခံစားနေရပြီဖြစ်ပါကြောင်း။

ယခုဆိုလျှင် မိမိတို့ပြည်နယ်တွင် တစ်ချိန်ကအိပ်မက်ထဲမှာပဲမက်ခဲ့ရသည့် သံလွင်တံတား(မော်လမြိုင်)ကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၅ရက်နေ့တွင် ဖွင့်လှစ်လိုက်သည့်အခါ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူများအားလုံးက နိုင်ငံ့ဂုဏ်ဆောင်တံတားကြီးအတွက် အံ့သြဝမ်းသာဖြစ်ခဲ့ရပါကြောင်း၊ ဤတံတားဖွင့်ပွဲကြီးတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် တက်ရောက်အားပေးချီးမြှင့်ခဲ့ပြီးနှုတ်ခွန်းဆက်စကားပြောကြားရာတွင် **“မည်သို့သောအခက်အခဲမျိုးကြုံတွေ့သည်ဖြစ်စေ တိုင်းပြည်၌ စည်းလုံးညီညွတ်မှုအင်အား၊ ရပ်ရွာတည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေး အင်အားတို့ ခိုင်မာစွာရှိနေရန်အရေးကြီးကြောင်း၊ ယင်းအင်အားနှစ်ရပ်ဖြင့်ကြုံတွေ့ရသော အခက်အခဲမှန်သမျှကို မိမိတို့ကျော်လွှားနိုင်ကြောင်း၊ ယခုဤတံတားကြီးကို အောင်မြင်ပြီးမြောက်စွာ တည်ဆောက်နိုင်သည်မှာလည်း အခြေခံအားဖြင့် ယင်းအင်အားနှစ်ရပ်ကြောင့်ပင်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့ပါကြောင်း။

ထို့ကြောင့် မိမိတို့ပြည်နယ်သားများကလည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး၏ နှုတ်ခွန်းဆက်သြဝါဒစကားနှင့်အညီ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကို အရင်းခံကာ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ငုတ်မိသဲတိုင်တက်နိုင်ဖျားရောက်ဆိုသည့်အတိုင်း ညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးရေး အဆိုကို ပြည်သူလူထုတစ်ရပ်လုံးကိုယ်စား အပြည့်အဝ လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးတင်ပြသည်။

ကြိုဆိုထောက်ခံကြွေးကြော်

ထို့နောက် သဘာပတိက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို လူထုအစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောထားဆန္ဒကိုရယူရာ ပြည်သူလူထုက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း တညီတညွတ်တည်း ဆန္ဒပြုကြသည့်အတွက် လူထုအစည်းအဝေးကြီးက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း ကြေညာသည်။

ယင်းနောက် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ကြွေးကြော်သံများ တစ်ခဲနက် ကြွေးကြော်ကြကာ နံနက် ၈နာရီ မိနစ် ၄၀တွင် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

> **"နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကစွမ်းအားဖြစ်သော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးသည့် မြန်မာ့ပညာရေးကို နိုင်ငံတကာ ပညာရေးအဆင့်နှင့် ရင်ပေါင်တန်းနိုင်အောင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြပါစို့"**
>
> **[ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၇)မှ သင်တန်းသား/ သင်တန်းသူများကို ဂုဏ်ပြုလျက်]**

* ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန် မြို့တော်ဝန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးညွှန်ကြားရေးမှူးချုပ်နှင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် နှင့် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၇)မှ သင်တန်းကြီးကြပ်သူ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရည်ရွယ်ချက်များသိရှိနားလည်

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဩဝါဒစကားပြောကြားရာတွင် မောင်တို့မယ်တို့သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပညာရေးဘွဲ့ရရှိပြီး ပညာရေးတာဝန်များကို ထမ်းရွက်ကြရတော့မည်သူများဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတက္ကသိုလ်ကြီး၏ ရည်ရွယ်ချက်များကို သိရှိနားလည် ခံယူထားကြရန်လိုကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၏ ရည်ရွယ်ချက်များအနက် ဝေးလံခေါင်ဖျားသည့် နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ်များအားလုံး ပညာတတ်မြောက်ပြီး တန်ဖိုးရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရေးသည် အဓိကရည်ရွယ်ချက်ပင်ဖြစ်ကြောင်း။

တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်သည် ယခင် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံဘဝက သင်တန်းဆင်း မူလတန်းဆရာများအဖြစ် မွေးထုတ်ခဲ့ရာမှ တိုင်းရင်းသားလူငယ်များကို အဆင့်မြင့်ပညာရေးဘွဲ့ရ ပညာတတ်များဖြစ်လာစေရန် ရည်ရွယ်လျက် တက္ကသိုလ်အဆင့် တိုးမြှင့်ပေးခဲ့သည့် ကျောင်းကြီးဖြစ်ကြောင်း။

သို့ဖြစ်၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် အခြားသောတက္ကသိုလ်၊ ကောလိပ်များနှင့် သဘောသဘာဝချင်း၊ ရည်ရွယ်ချက်ချင်း မတူညီသည့်အတွက် မောင်တို့မယ်တို့သည်လည်း တက္ကသိုလ်၏ ထူးခြားသည့် သဘောသဘာဝနှင့် လိုက်လျောညီထွေစွာ ယုံကြည်ချက်၊ ခံယူချက်ထားရှိကြရန်လိုကြောင်း။

ယခင်ခေတ်ကာလက ဝေးလံခေါင်ဖျားသည့် နယ်စပ်ဒေသများသည် နိုင်ငံတော်၏အတွင်းပိုင်း တိုးတက်သောဒေသများနှင့် အဆက်ပြတ်ပြီး နယ်စပ်ဒေသနေ တိုင်းရင်းသားအများစုမှာ ပညာသင်ယူရေးအခွင့်အလမ်းများ ဆုံးရှုံးနေခဲ့ရသည့် သဘောရှိကြောင်း။

သို့ဖြစ်၍ ဝေးလံခေါင်ဖျားသော နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ ပညာတတ်မြောက်အောင်၊ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာအောင်ပြုစုပျိုးထောင်ပေးရင်း နိုင်ငံတော်၏ အတွင်းပိုင်းဒေသများနေ ပြည်သူများနှင့်နယ်စပ်ဒေသနေပြည်သူများ တစ်ဦးနှင့်တစ်ဦး အခွင့်အလမ်းတူညီမျှတလာစေရအောင် ယနေ့ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ်များ

နယ်မြေဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းပပျောက်ပြီး တစ်နိုင်ငံလုံး မျှတစွာဖွံ့ဖြိုးလာအောင် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာတွင် စာသင်ကျောင်းများဖွင့်လှစ်ပြီး ဒေသခံများ ပညာရည်မြင့်မားအောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ အလွန်ဝေးလံသောဒေသများတွင် အထူးသင်တန်းကျောင်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ဒေသခံတိုင်းရင်းသားလူငယ်များကို ပညာသင်ကြားပေးပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာအောင် အမိဖွံ့ဖြိုးရေးတက္ကသိုလ်၏ ရည်ရွယ်ချက်နှင့်အညီ မောင်တို့မယ်တို့က ဆောင်ရွက်ပေးရမှာဖြစ်ကြောင်း။

သို့မှသာ တစ်နိုင်ငံလုံးမှာ လူ့စွမ်းအားအရင်းအမြစ်များ တစ်ပြိုင်တည်း၊ တစ်ချိန်တည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ပြည်ထောင်စုကြီးတစ်ခုလုံး ဆူကြုံနိမ့်မြင့် ကွာဟချက်နည်းနိုင်သမျှနည်းပါးပြီး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးဖြစ်လာစေရေး ဆောင်ရွက်ရာတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်း မောင်တို့မယ်တို့က ကျရာကဏ္ဍက ပါဝင်ကြိုးပမ်းကြရမှာဖြစ်ကြောင်း။

သို့ဖြစ်၍ မောင်တို့မယ်တို့သည် တာဝန်ကျရာအရပ်ဒေသမှာ အမိတက္ကသိုလ်ကြီး၏ ရည်မှန်းချက်နှင့်အညီ ဒေသခံတိုင်းရင်းသားလူငယ်များကို ပညာတတ်အောင် ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာအောင် စေတနာထားသင်ကြားပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း။

ထို့အပြင် တိုင်းရင်းသားလူငယ်များကို ပညာတတ်မြောက်စေရန်သာမက အတွေးအခေါ်အယူအဆပိုင်း၊ စိတ်ဓာတ်ရေးရာအပိုင်းတွင်လည်း ပြည်ထောင်စုကြီးကိုချစ်မြတ်နိုးသောစိတ်ဓာတ်ကို တည်ဆောက်ပေးကြရမှာဖြစ်ကြောင်း။

အတူတကွပေါင်းစုနေထိုင်

မိမိတို့နိုင်ငံတော်အတွင်း တိုင်းရင်းသားများသည် လူမျိုးတစ်မျိုးစီ၊ နေရာဒေသတစ်ခုစီ၌ သီးခြားနေထိုင်ကြသည်မဟုတ်ဘဲ တိုင်းရင်းသားလူမျိုးများအားလုံးသည် နယ်မြေဒေသတိုင်း၌ ရှေးပဝေသဏီကပင် အတူတကွ ပေါင်းစုနေထိုင်လာခဲ့ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တိုင်းရင်းသားလူမျိုးများသည် ပင်ကိုအားဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး စိတ်ဝမ်းမကွဲဘဲ ရှိနေကြသော လူမျိုးများဖြစ်ကြောင်း။

သို့ဖြစ်၍ မောင်တို့မယ်တို့က ပင်ကိုအားဖြင့် တည်ရှိပြီးဖြစ်သည့် ထိုပြည်ထောင်စုစိတ်ဓာတ်အခြေခံကောင်းများကို ပိုမိုတောင့်တင်းခိုင်ခံ့အောင်၊ ပိုမိုခိုင်မြဲအောင် တည်ဆောက်ပေးကြရမှာဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်တောင့်တင်းခိုင်မာမှသာ မိမိတို့ပြည်ထောင်စုကြီး၏ နယ်နိမိတ်သည် အမြဲတမ်းတည်တံ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည်လည်း အစဉ်ထာဝရတည်မြဲနေမှာဖြစ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မည်သည့်အဖွဲ့အစည်း၊ မည်သည့်လူမျိုး၊ မည်သည့်အယူဝါဒကိုမျှ အခြေခံသည့်စိတ်ဓာတ်မဟုတ်ဘဲ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးစိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးမှာလည်း ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးနှင့် သက်ဆိုင်သည့် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ထမ်းရွက်ရမည့် အမျိုးသားရေးတာဝန်များပင်ဖြစ်ကြောင်း။

ခိုင်မြဲအောင်တည်ဆောက်

သို့ဖြစ်၍ မောင်တို့မယ်တို့အနေဖြင့် ရောက်ရာအရပ်ဒေသတွင် ဒေသခံတိုင်းရင်းသားများ ပညာတတ်မြောက်အောင် သင်ကြားပေးရင်းပြည်ထောင်စုစိတ်ဓာတ်ထွန်းကားခိုင်မြဲအောင် တည်ဆောက်ပေးကြရန် မှာကြားလိုကြောင်း။

ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားခိုင်မြဲရေးဆောင်ရွက်ရာတွင် အတွေးအခေါ် အယူအဆပိုင်းသက်သက်၊ သဘောတရားရေးသက်သက်ဖြင့် တည်ဆောက်၍မရနိုင်ဘဲ လက်တွေ့ပိုင်းဖြင့် ပေါင်းစပ်ပေးနိုင်ရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး မျှတစွာဖွံ့ဖြိုးတိုးတက်လာစေရအောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဟူသော ဖွံ့ဖြိုးရေးစီမံကိန်း သုံးရပ်ကို တစ်ပြိုင်နက်တည်း ပေါင်းစည်းဆက်စပ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားခိုင်မြဲရေးအတွက် တိုင်းရင်းသားလူငယ်များကို ပညာသင်ကြားပေးရင်း စိတ်ဓာတ်ရေးရာအရ တည်ဆောက်ပေးသကဲ့သို့ မိမိတို့ပတ်ဝန်းကျင်၌ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ဆက်စပ်ပြီး လက်တွေ့ပိုင်းအရလည်း ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း။

အဆင့်မြင့်ပညာသင်ယူခွင့်

နိုင်ငံတော်တည်ဆောက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးရေးသည် အဓိကအခန်းကဏ္ဍကပါဝင်ကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးရေးအထူးဒေသကြီးများသတ်မှတ်ပြီး နယ်မြေဒေသတိုင်းတွင် နိုင်ငံသားတိုင်း အဆင့်မြင့်ပညာသင်ယူခွင့်ရရှိစေရန် စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ယခင်က ဆေးပညာ၊ အင်ဂျင်နီယာပညာ၊ ဗိသုကာပညာ စသည့် ပညာရပ်များကို ရန်ကုန်မြို့၌သာ သင်ယူခွင့်ရရှိခဲ့ကြောင်း။

ယခုအခါတွင် အဆင့်မြင့်ပညာသင်ယူနိုင်မှု အခွင့်အလမ်းများကို နယ်မြေဒေသအနှံ့ အပြည့်အဝ ဖြန့်ကြက်ထူထောင်ပေးထားပြီးဖြစ်သဖြင့် ဒေသအလိုက် လိုအပ်သည့် ဖွံ့ဖြိုးရေးဆိုင်ရာအဆောက်အအုံများကို ဒေသကမွေးထုတ်လိုက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းအားဖြင့် တည်ဆောက်နိုင်နေပြီဖြစ်ကြောင်း၊ ဒေသခံတိုင်းတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ပါဝင်တည်ဆောက်နိုင်စေရအောင်ဆိုသည့် ရည်ရွယ်ချက်ဖြင့် စီမံဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု မျှတလာသည်နှင့်အမျှ ပြည်ထောင်စုကြီး၏ နယ်မြေဒေသများအားလုံးသည်လည်း ညီညီညွတ်ညွတ် မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

တစ်ဖက်တစ်လမ်းကဆောင်ရွက်

ဖွံ့ဖြိုးတိုးတက်လာသော လူ့စွမ်းအားအရင်းအမြစ်များသည် ကျန်းမာကြံ့ခိုင်ပြီး ရောက်ရာဒေသတွင် ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်သည့် တန်ဖိုးရှိသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရအောင် မောင်တို့မယ်တို့က တစ်ဖက်တစ်လမ်းက ဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတိုင်းတွင် စီးပွားရေးအခြေခံများ တိုးတက်ဖြစ်ထွန်းလာအောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စီးပွားရေးတိုးတက်ခိုင်မာရေးအတွက် ဆည်မြောင်းတာတမံကြီးများ၊ လမ်းမကြီးများ၊ တံတားကြီးများတည်ဆောက်ရေးအပိုင်းတွင် အပြည့်အဝနီးပါးဆောင်ရွက်ပေးပြီးဖြစ်ကြောင်း။

တည်ဆောက်ပေးပြီးဖြစ်သော ပညာရေး၊ ကျန်းမာရေး၊လမ်းပန်းဆက်သွယ်ရေး အခြေခံကောင်းများ၏ ကျေးဇူးကြောင့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စက်မှုဖွံ့ဖြိုးရေးနှင့် ကျန်လိုအပ်ချက်များအပိုင်းမှာလည်း ပြည့်စုံလာမည်ဆိုသည့်ရည်မှန်းချက်ဖြင့် အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဝိုင်းဝန်းပါဝင်ဆောင်ရွက်

ယင်းအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းမှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားခိုင်မြဲမှုတို့ ပေါင်းစပ်ပေးနိုင်သည်နှင့်အမျှ ပြည်ထောင်စုကြီး အစဉ်ထာဝရ တည်တံ့ခိုင်မြဲမည်ဆိုသည့် သဘောထားခံယူချက်ဖြင့် မောင်တို့မယ်တို့က အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁

> **ယခုအခါတွင် အဆင့်မြင့်ပညာသင်ယူနိုင်မှု အခွင့်အလမ်းများကို နယ်မြေဒေသအနှံ့ အပြည့်အဝ ဖြန့်ကြက်ထူထောင်ပေးထားပြီးဖြစ်သဖြင့် ဒေသအလိုက် လိုအပ်သည့် ဖွံ့ဖြိုးရေးဆိုင်ရာ အဆောက်အအုံများကို ဒေသကမွေးထုတ်လိုက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏စွမ်းအားဖြင့် တည်ဆောက်နိုင်နေပြီဖြစ်ကြောင်း၊ ဒေသခံတိုင်းတွင် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးပြီး မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက်သာမက ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ပါဝင်တည်ဆောက်နိုင်စေရအောင် ဆိုသည့် ရည်ရွယ်ချက်ဖြင့် စီမံဆောင်ရွက်ပေးနေခြင်းဖြစ်။**

21-1 (07).p65 1 3/24/1905, 12:49 PM

စာမျက်နှာ ၇ မှ

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော်ဖြင့် ပေါင်းစည်းဖြစ်တည်နေသည့် နိုင်ငံတော်ဖြစ်သည့်အတွက် နိုင်ငံတော်ကြီးကိုတည်ဆောက်ရာ ၌ ပင်ကိုသဘောသဘာဝအရပင် တိုင်းရင်းသားလူမျိုးများ ပေါင်းစည်းနေထိုင်သည့် ပြည်ထောင်စု၏ အနှစ်သာရ၊ လူအများစု၏ ဆန္ဒသဘောထားနှင့်အညီ ဆောင်ရွက်ရသည့် ဒီမိုကရေစီနည်းစနစ်တို့ကိုအခြေခံသည့် နိုင်ငံတော်ကြီး တည်ဆောက်သွားရမှာဖြစ်ကြောင်း၊ ထိုသို့တည်ဆောက်ရာတွင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ရန်လည်း အရေးကြီးကြောင်း။

အလွယ်တကူကူးပြောင်းနိုင်

လူထုဝါဒဖြစ်သော ဒီမိုကရေစီစနစ်နှင့် လူအုပ်စုဝါဒဖြစ်သော (Mobocracy)၊ မင်းမဲ့စရိုက်ဖြစ်သော (Anarchism) တို့သည် အလွန်ပါးလွှာသည့် စည်းဖြင့်ခြားထားသည့် အယူဝါဒများဖြစ်ရာ ဥပဒေစည်းကမ်းဖြင့် ထိန်းသိမ်းမှုမရှိလျှင် တစ်ခုမှတစ်ခုသို့ အလွယ်တကူ ကူးပြောင်းသွားနိုင်ကြောင်း။

ဒီမိုကရေစီဟု ကြွေးကြော်ရင်း လူအုပ်စုဖွဲ့ရမ်းကားမှုများ၊ လူအုပ်စုဖြင့် အနိုင်ကျင့်မှုများကတစ်ဆင့် ဥပဒေကင်းမဲ့ပြီး မင်းမဲ့စရိုက် ဆူပူရမ်းကားမှုများ ဖြစ်ပေါ်တတ်သည့်သဘာဝကို နိုင်ငံတကာမှာရော မိမိတို့နိုင်ငံမှာပါ တွေ့မြင်ကြုံတွေ့ခဲ့ရပြီး ဖြစ်ကြောင်း။

သီလစောင့်နိုင်မည်ဖြစ်ကြောင်း၊ သို့ပါ၍ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံ၊ ကဏ္ဍစုံမှာ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့သော်လည်း ပြည်ပဆရာကြီးများနှင့် လက်ဝေခံပြည်တွင်းသစ္စာဖောက်များ၏ နည်းမျိုးစုံဖြင့်ပိတ်ပင်တားဆီး နှောင့်ယှက်နေမှုများကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် အခက်အခဲများနှင့် ကြုံတွေ့ရကြောင်း ပြည်သူများလည်း နစ်နာနေရကြောင်း။

စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်ကြီး

သို့သော်လည်း မောင်တို့မယ်တို့အနေဖြင့် ရှင်းလင်းစွာသိရှိနားလည်ထားရမည့်အချက်မှာ မိမိတို့အနေဖြင့် မည်သည့်အနှောင့်အယှက် အတားအဆီးများပင်ရှိပါစေ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို မလွဲမသွေထူထောင်သွားမည်ဆိုသည့် အချက်ပင် ဖြစ်ကြောင်း။

စစ်မှန်သောဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် တတိယအခြေခံလိုအပ်ချက်မှာနိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ပညာရည်မြင့်မားရေးပင် ဖြစ်ကြောင်း၊ သို့အတွက် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင်၊ ပြည်သူများ၏ပညာရည်မြင့်မားအောင် ယခုကဲ့သို့ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

နေရေးဖူလုံပြည့်စုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ရရှိအောင် စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ပါဝင်ကြိုးပမ်းထမ်းဆောင်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မောင်တို့မယ်တို့သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပြုစုပျိုးထောင်မွေးထုတ်ပေးလိုက်သော ပညာရေးဝန်ထမ်းများဖြစ်သည်နှင့်အညီ တာဝန်ကျရာ ဝေးလံခေါင်ဖျားသည့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များ ပညာတတ်ကျွမ်းအောင်၊ အသိအမြင် ဗဟုသုတ ပြည့်စုံကြွယ်ဝအောင်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာအောင် လေ့ကျင့်ပျိုးထောင်ပေးရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် အခြေခံလိုအပ်ချက်များကို ကျရာအခန်းကဏ္ဍက ပါဝင်ကြိုးပမ်း ထမ်းဆောင်ပေးနိုင်သော ဆရာ ဆရာမများ ဖြစ်ကြပါစေဟု ဆန္ဒပြုရင်း နိဂုံးချုပ်လိုက်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်ပညာရေးဘွဲ့ (ဘီအီးဒီ)သင်တန်းအမှတ်စဉ်(၃၇)မှ သင်တန်းသား သင်တန်းသူများကိုယ်စား ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်မှ ကယန်းတိုင်းရင်းသားမောင်မြသန်းက ဂါရဝပြုစကားပြောကြားရာတွင် ဥက္ကဋ္ဌကြီး၏ မိန့်မှာချက်တွေကို

ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် မျှော်မှန်းထားသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး တိုင်းရင်းသားညီအစ်ကိုအားလုံး အားကြိုးမာန်တက်ဆက်လက်ကြိုးပမ်းသွားကြဖို့ ဆုံးဖြတ်ထားပြီးဖြစ်

သို့ဖြစ်၍ ဒီမိုကရေစီနိုင်ငံထူထောင်ရာ၌ လူအုပ်စုဝါဒ (Mobocracy) နှင့် မင်းမဲ့စရိုက်ဝါဒ (Anarchism)တို့နှင့် ကွဲကွဲခြားခြားရှိနေရအောင် ဥပဒေစည်းကမ်းထိန်းသိမ်းမှုဖြင့် ယှဉ်တွဲတည်ဆောက် ထူထောင်ကြရန် လိုကြောင်း။

ထို့ကြောင့် နောင်တစ်ချိန်တွင် တိုင်းပြည် တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းဖြင့် ဖွံ့ဖြိုးတိုးတက် တည်တံ့ခိုင်မြဲစေရေး ရည်မှန်းပြီး၊ လူအုပ်စုဝါဒ (Mobocracy)နှင့် မင်းမဲ့စရိုက်ဝါဒ (Anarchism)တို့ ရောထွေးဝင်ရောက်မလာစေရအောင် စည်းခြားပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ပေးနေခြင်း ဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးတွင် ပထမဆုံး အခြေခံလိုအပ်ချက်မှာ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းနေရန် ဖြစ်ကြောင်း။

မှန်မှန်ကန်ကန်အသိတရားရှိရှိ

နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းမှုမရှိဘဲ၊ တရားဥပဒေစိုးမိုးမှုမရှိဘဲ ဒီမိုကရေစီစနစ်ကို ထူထောင်မည်ဆိုပါက ပြည်သူလူထုအနေဖြင့် တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း အဂတိတရားလေးပါး ကင်းရှင်းစွာဖြင့် လူကောင်းလူတော်များကို မှန်မှန်ကန်ကန် အသိတရားရှိရှိ ရွေးချယ်နိုင်သည့် အခြေအနေရှိမှာ မဟုတ်ကြောင်း။

သို့ဖြစ်၍ ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရာ၌ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အခြေခံအကျဆုံးသော လိုအပ်ချက်ဖြစ်သည်ဟု ခံယူလျက် မောင်တို့မယ်တို့အားလုံးက မိမိတို့တာဝန်ကျရာ အရပ်ဒေသများ၌ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းနေစေရအောင် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးတွင် အမျိုးသားစီးပွားရေးဘဝခိုင်မာတောင့်တင်းရေးသည် ဒုတိယအခြေခံလိုအပ်ချက်ဖြစ်ကြောင်း၊ အူမတောင့်မှ

ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ် (၃၇)မှ သင်တန်းသား သင်တန်းသူ များကိုယ်စား ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်မှ ကယန်းတိုင်း ရင်း သား မောင် မြ သန်း ဂါရဝပြု စကားပြောကြားစဉ်။
(သတင်းစဉ်)



မှန်ကန်စွာရွေးချယ်နိုင်မည်

ပြည်သူများ ပညာရည်ပြည့်ဝပြီး အသိဉာဏ်ဗဟုသုတကြွယ်ဝမှသာ ဒီမိုကရေစီနည်းဖြင့် လူတော်လူကောင်းများကို ရွေးချယ်ရာတွင် မှန်ကန်စွာ ရွေးချယ်နိုင်မှာ ဖြစ်ကြောင်း။

သို့ဖြစ်၍ ပြည်သူများမှန်ကန်သော အသိတရား ပညာဉာဏ်တို့ဖြင့် တွေးခေါ် ရွေးချယ်တတ်စေရန် နယ်စပ်ဒေသများအပါအဝင် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပြည်သူများ ပညာတတ်မြောက်စေရအောင် မိမိတို့ ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ထို့အတူ ပြည်သူများမိမိနိုင်ငံ၏အနာဂတ်ကို အဂတိတရားကင်းရှင်းစွာ၊ ဆန္ဒစွဲကင်းရှင်းစွာ ရွေးချယ်နိုင်စေရအောင် စီးပွားရေးကောင်းမွန်ရေး၊ စားဝတ်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးတွင် အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးသည် ဒုတိယအခြေခံလိုအပ်ချက်ဖြစ်ကြောင်း၊ အူမတောင့်မှ သီလစောင့်နိုင်မည်ဖြစ်ကြောင်း၊ သို့ပါ၍ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံ၊ ကဏ္ဍစုံမှာ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့သော်လည်း ပြည်ပဆရာကြီးများနှင့် လက်ဝေခံပြည်တွင်း သစ္စာဖောက်များ၏ နည်းမျိုးစုံဖြင့် ပိတ်ပင်တားဆီး နှောင့်ယှက်နေမှုများကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရ၊ ပြည်သူများလည်း နစ်နာနေရ။

ဘဝအတွက် လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူပြီး သားတို့အားလုံးက အလေးအနက်ထား လိုက်နာဆောင်ရွက်သွားပါ့မယ်လို့ ကတိပြု တင်ပြအပ်ပါတယ်ခင်ဗျား။

တိုင်းရင်းသားတွေရဲ့ ဘဝတိုးတက်ဖို့၊ ပြည်ထောင်စုကြီးတိုးတက်ဖို့ မွန်မြတ်တဲ့ ရည်ရွယ်ချက်တွေနဲ့ တည်ထောင်ဖွင့်လှစ်ပေးထားတဲ့ အမိဖွံ့ဖြိုးရေးတက္ကသိုလ်မှာ နိုင်ငံတော်အစိုးရရဲ့ စီမံခွင့်ပြုပေးမှုနဲ့ သားတို့ပညာရေးဘွဲ့ လေးနှစ်သင်တန်းကို တက်ရောက်ဆည်းပူးခွင့် ရခဲ့ပါတယ်။ သင်တန်းကာလအတွင်း တက္ကသိုလ်ရဲ့ လေ့ကျင့်သင်ကြားပေးမှုတွေကို ကောင်းစွာခံယူပြီးဖြစ်လို့ မကြာခင်မှာ သင်တန်းဆင်းပြီး သားတို့ဒေသတွေရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ပါဝင်ထမ်းဆောင်ခွင့် ရကြတော့မှာ ဖြစ်ပါတယ်။ တာဝန်ထမ်းဆောင်ရချိန်မှာ နိုင်ငံတော်က သားတို့အပေါ်ထားရှိတဲ့ စေတနာနဲ့ ကျေးဇူးတရားတွေကို အစဉ်ဦးထိပ်ထားပြီး ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်သွားပါ့မယ်လို့ ကတိပြုအပ်ပါတယ်ခင်ဗျား။

အကျိုးရလဒ်ကောင်းများရရှိ

သားတို့နေထိုင်တဲ့ နယ်စပ်ဒေသတွေဟာ တစ်ချိန်က သွားလာရေးခက်ခဲပြီး တည်ငြိမ်မှုလည်း မရှိတဲ့အတွက် လူမှုဒုက္ခမျိုးစုံနဲ့ ကြုံတွေ့ခဲ့ရတဲ့ ဒေသတွေဖြစ်ပါတယ်။ နယ်မြေမအေးချမ်းလို့ ဆရာ၊ ဆရာမ မပြည့်မစုံနဲ့ ပညာသင်ဖို့တောင် အခက်အခဲဖြစ်နေတဲ့ အခြေအနေမှာ သားတို့ ဒေသခံတွေရဲ့ ဘဝ နိမ့်ကျမကျန်ခဲ့ရအောင် နိုင်ငံတော်အစိုးရက သားတို့ အစ်ကိုအစ်မတွေကို ဆရာဆရာမတွေအဖြစ်သာမက ဒေသတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်မယ့် ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်များ အဖြစ်နဲ့ပါ လေ့ကျင့်ပျိုးထောင်ပြီး သားတို့ဒေသကလူငယ်တွေ ပညာသင်ယူနိုင်အောင် စေတနာအပြည့်နဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီနေ့ နိုင်ငံတော်ရဲ့တာဝန်တွေ ထမ်းဆောင်နေချိန်မှာလည်း နယ်စပ်ဒေသတွေရဲ့ ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းတွေကို အလေးထားအားမြှင့်ဆောင်ရွက်ပေးနေတဲ့အတွက် အခြေခံပညာကျောင်းပေါင်း ၁၀၃၄ ကျောင်းဖြစ်ထွန်းလာခဲ့ပြီး ဒေသခံလူငယ် ၁၇၀၀၀၀ ကျော်ဟာ အခြေခံပညာတွေကို ကောင်းမွန်စွာ သင်ယူနိုင်ကြပြီဖြစ်ပါတယ်။ အဆင့်မြင့်ပညာတွေကိုလည်း နယ်မြေဒေသအလိုက် တည်ထောင်ဖွင့်လှစ်ပေးထားတဲ့ တက္ကသိုလ်နဲ့ ကောလိပ်အသီးသီးမှာ ဆက်လက်သင်ယူနိုင်အောင် ဆောင်ရွက်ပေးထားတဲ့အတွက် ဒေသခံပညာတတ်လူငယ်တွေဟာ မိမိတို့နယ်မြေရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ပါဝင်အားဖြည့် ဆောင်ရွက်နိုင်တဲ့ အကျိုးရလဒ်ကောင်းတွေ ရရှိနေပြီဖြစ်ပါတယ်။

နိုင်ငံနဲ့ လူမျိုးတိုးတက်ဖို့ ပညာရေးဟာ အခြေခံလိုအပ်ချက်ဖြစ်တဲ့အတွက် အမျိုးသားရေးမျှော်မှန်းချက်နဲ့ ပညာရည်မြင့်မားတဲ့ လူမျိုးတွေရဲ့ နိုင်ငံတော်အဖြစ်ရောက်ရှိအောင် နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာမှာ သားတို့ကလဲ နိုင်ငံတော်က မျှော်မှန်းဆောင်ရွက်နေတဲ့ ပညာရေးလုပ်ငန်းစဉ်တွေအပေါ် နားလည်သဘောပေါက်စွာနဲ့ တပည့်တွေကို မိမိနိုင်ငံနဲ့ ဒေသအကျိုးကို ဖော်ဆောင်နိုင်စွမ်းရှိတဲ့ ပညာတတ်လူငယ်တွေဖြစ်လာအောင် စိတ်စေတနာအပြည့်နဲ့ ပျိုးထောင်ပေးသွားပါ့မယ်ခင်ဗျား။

စိတ်ရင်းအမှန်

သားတို့ ပြည်သူတွေကို အေးချမ်းသာယာတဲ့ဘဝမှာ လူနေမှုအဆင့်မြင့်မြင့်နဲ့ နေနိုင်အောင် နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကို တည်ဆောက်ပေးနေပါတယ်။ နိုင်ငံနဲ့အဝန်းတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာအောင် နယ်စပ်ဒေသတွေရဲ့ ဖွံ့ဖြိုးရေးအပြင် ဖွံ့ဖြိုးရေးဒေသကြီး၂၄ခုနဲ့ ကျေးလက်ဒေသတွေရဲ့ ဖွံ့ဖြိုးရေးကိုပါ တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနေတဲ့အတွက် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းခြင်းနဲ့အတူ ကဏ္ဍစုံမှာ မထင်မှတ်နိုင်အောင် တိုးတက်လာခဲ့ပြီး ဘက်စုံဖွံ့ဖြိုးတဲ့ နိုင်ငံအဖြစ်ကို တက်လှမ်းနိုင်တော့မှာဖြစ်ပါတယ်၊ ပြည်သူတွေအနေနဲ့လဲ ကောင်းမွန်တဲ့ လူမှုစီးပွားရေးဘဝကို ပိုင်ဆိုင်လာနိုင်ပြီဖြစ်လို့ နိုင်ငံတော်အစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်ပေးမှုများကနေ သားတို့တိုင်းရင်းသားတွေ အပေါ်ထားရှိတဲ့ စေတနာကိုသိမြင်ခဲ့ကြရပါတယ်၊ ဒီစေတနာဆန္ဒဟာလဲ လတ်တလော ဖြစ်ပေါ်လာတာမဟုတ်ဘဲ လွန်ခဲ့တဲ့နှစ်များ

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်းအမှတ်စဉ် (၃၇)မှ သင်တန်းသား သင်တန်းသူများနှင့် ကြီးကြပ်သူ ဆရာဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်က ဦးတည်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအောင်မြင်ပေါက်မြောက်ရေး ဒေသခံပြည်သူများကို စည်းရုံးဦးဆောင်ပြီး ကျရာအခန်းကဏ္ဍကနေပါဝင်ဆောင်ရွက်သွားပါမယ်

စွာကတည်းက ထားရှိခဲ့တဲ့ စိတ်ရင်းအမှန်ဖြစ်တယ်ဆိုတာကို နားလည်ခဲ့ကြပြီး အလေးအနက် ထားခဲ့ကြပါတယ်။

နိုင်ငံတော်အစိုးရရဲ့စေတနာကို နားလည်ယုံကြည်စွာနဲ့ အစိုးရရဲ့ဦးဆောင်မှုကိုအပြည့်အဝခံယူပြီး ဒေသဖွံ့ဖြိုးရေးနဲ့ နိုင်ငံတော်တိုးတက်ရေးလုပ်ငန်းတွေမှာ အသိတရားရှိရှိနဲ့ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ခဲ့တဲ့အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေဟာ လျင်လျင်မြန်မြန်နဲ့ တိုးတက်လာနေပြီဖြစ်ပါတယ်၊ ရရှိလာတဲ့အခြေအနေကောင်းတွေကို ထိန်းသိမ်းရင်း ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးတဲ့စိတ်၊ ပြည်ထောင်စုကြီးကို ဖွံ့ဖြိုးတိုးတက်စေလိုတဲ့စိတ်၊ ပြည်ထောင်စုကြီးအတွင်း အတူလက်တွဲနေထိုင်လိုတဲ့စိတ်၊ ပြည်ထောင်စုကြီးကို အစွန့်ရှည်တည်တံ့ခိုင်မြဲစေလိုတဲ့ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်နဲ့ သားတို့မျှော်မှန်းထားတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးကို တိုင်းရင်းသားညီအစ်ကိုအားလုံးက အားကြိုးမာန်တက် ဆက်လက်ကြိုးပမ်းသွားကြဖို့ ဆုံးဖြတ်ထားကြပြီးဖြစ်ပါတယ်၊ နိုင်ငံတော်ကြီး တိုးတက်ဖြစ်ထွန်းဖို့ တစ်မျိုးသားလုံး ကြိုးပမ်းအားထုတ်နေချိန်မှာ သားတို့ကလည်း ပြည်သူတွေရဲ့ လူမှုစီးပွားရေးဘဝတွေကို တိုးတက်လာအောင် တတ်စွမ်းသမျှကူညီရင်း တပည့်တွေနဲ့ ပြည်သူတွေကြားမှာ မှန်ကန်တဲ့ အသိအမြင်၊ အတွေးအခေါ်တွေ ရရှိနေအောင်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်တွေ ရှင်သန်ပြန့်ပွားနေအောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားပါ့မယ် ခင်ဗျား။

အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်မည်

နိုင်ငံတော်ရဲ့တာဝန်တွေ ထမ်းဆောင်ချိန်ကစပြီး နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံရေးနဲ့ စီးပွားရေးအခြေခံကောင်းတွေ သားတို့နိုင်ငံမှာ ဖြစ်ထွန်းလာအောင် ဖန်တီးပေးရင်း ခေတ်မီနိုင်ငံတော်သစ်ဆီကို တည်ငြိမ်စွာ တက်လှမ်းနိုင်ဖို့ မနားမနေကြိုးပမ်းဖော်ဆောင်ပေးနေပါတယ်၊ ဒီအချိန်မှာ သားတို့နိုင်ငံ တိုးတက်ဖွံ့ဖြိုးမှာကို မလိုလားသူတွေကတော့ ရရှိပြီးအခြေအနေကောင်းတွေ ရပ်တန့်သွားအောင်၊ နှောင့်နှေးသွားအောင် နည်းမျိုးစုံနဲ့ ပိတ်ဆို့ဟန့်တား နှောင့်ယှက်နေကြပါတယ်၊ ဒီအဟန့်အတားတွေကို အစဉ်အလာရှိတဲ့ လူမျိုးတွေပီပီ မြန်မာတို့ရဲ့အားမာန်နဲ့ ကျော်လွှားသွားနိုင်မယ်လို့ သားတို့ယုံကြည်ပါတယ်၊ နိုင်ငံတော်အစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်ပေးနေတာတွေဟာ သားတို့နိုင်ငံနဲ့ လူမျိုးအကျိုးကို ဖော်ဆောင်ပေးနေတာဖြစ်လို့ နိုင်ငံတော်က ရည်မှန်းဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေ အောင်မြင်ရေးအတွက် ဒေသခံပြည်သူတွေကို စည်းရုံးဦးဆောင်ပြီး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားပါ့မယ်လို့ ဥက္ကဋ္ဌကြီးနဲ့ အကြီးအကဲများရှေ့မှောက်မှာ ကတိပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား ဟု ဂါရဝပြုပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ)သင်တန်းအမှတ်စဉ်(၃၇)မှ သင်တန်းသား သင်တန်းသူများကိုယ်စား ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်မှ ပိုးကရင်တိုင်းရင်းသူ နန်းမေလွင်အောင်က ဂါရဝပြုစကားပြောကြားရာတွင် ဥက္ကဋ္ဌကြီးရဲ့ ဩဝါဒလမ်းညွှန်ချက်တွေကို သမီးတို့အလေးအနက်ခံယူပြီး လိုက်နာဆောင်ရွက်သွားပါ့မယ်လို့ ရိုသေစွာ တင်ပြအပ်ပါတယ်ရှင့်။

ဒေသခံပြည်သူတွေရဲ့ အသိပညာတိုးတက်မြင့်မားပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ လူမှုရေးတွေ ဖွံ့ဖြိုးလာအောင်၊ ဒေသခံပြည်သူတွေ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်ပညာရေး ဘွဲ့ (ဘီအီးဒီ) သင်တန်းအမှတ်စဉ် (၃၇) မှ သင်တန်းသား သင်တန်းသူ များကိုယ်စား ကရင်ပြည်နယ် လှိုင်းဘွဲ မြို့နယ် မှ ပိုးကရင် တိုင်းရင်းသူ နန်းမေလွင်အောင်က ဂါရဝပြုစကား ပြောကြားစဉ်။

(သတင်းစဉ်)

ကြားမှာ မှန်ကန်တဲ့အတွေးအခေါ်တွေရရှိပြီး ပြည်ထောင်စုစိတ်ဓာတ်တွေ ရှင်သန်ပြန့်ပွားနေအောင် ဆောင်ရွက်ဖို့ သမီးတို့ကို သင်တန်းကာလလေးနှစ်အတွင်းမှာ အမိတက္ကသိုလ်က တတ်သင့်တတ်အပ်တဲ့ ပညာရပ်တွေကို လက်တွေ့ကျကျ သင်ယူတတ်မြောက်စေခဲ့ပါတယ်၊ တစ်ချိန်တည်းမှာပဲ နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်နဲ့ ရည်ရွယ်ချက်တွေကို သဘောပေါက်နားလည်တဲ့ ယုံကြည်ချက်၊ ခံယူချက် ခိုင်မာသူတွေဖြစ်အောင်လည်း စနစ်တကျပျိုးထောင်ပေးခဲ့ပါတယ်၊ အမိတက္ကသိုလ်ရဲ့ လေ့ကျင့်သင်ကြားပေးမှုတွေကို အပတ်တကုတ်ကြိုးစား သင်ယူခဲ့ကြတဲ့အတွက် မကြာခင်မှာ ပညာရေးဘွဲ့ကို ဆွတ်ခူးပြီး နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်တွေကို ထမ်းဆောင်ခွင့်ရကြတော့မှာဖြစ်ပါတယ်၊ တာဝန်ထမ်းဆောင်ရချိန်မှာ နိုင်ငံတော်က ပျိုးထောင်ထားတဲ့ သားကောင်းသမီးမွန်များပီသစွာ ပေးအပ်တဲ့တာဝန်တွေကို တစိုက်မတ်မတ် ကြိုးပမ်းထမ်းဆောင်သွားပါ့မယ်လို့ ကတိပြုတင်ပြအပ်ပါတယ်ရှင့်။

မျှော်မှန်းအကောင်အထည်ဖော်

သမီးတို့နိုင်ငံကို စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်အဖြစ် ထူထောင်ရာမှာ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဟာ မဖြစ်မနေ လိုအပ်တဲ့အတွက် အနာဂတ်မှာ သမီးတို့ကြုံတွေ့ရမယ့် အခြေအနေတွေကို ကျော်လွှားနိုင်တဲ့ နိုင်ငံတကာအဆင့်မီ ပညာရေးစနစ်ဖြစ်ထွန်းလာအောင် နိုင်ငံတော်အစိုးရက ပညာရေးပြုပြင်ပြောင်းလဲမှုများနဲ့အတူ နှစ်ရှည်ပညာရေးစီမံကိန်းကို ချမှတ်ပြီး အစဉ်လေ့လာသင်ယူနေတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ထွန်းလာအောင် မျှော်မှန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါတယ်။

ယခုလို ဆောင်ရွက်ပေးရာမှာ ပညာသင်ယူမှု အခွင့်အလမ်း ပိုမိုရရှိလာအောင် တက္ကသိုလ်နဲ့ကောလိပ်တွေကို နိုင်ငံအနှံ့ တိုးချဲ့ဖွင့်လှစ်ပေးပြီး ခေတ်မီသင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းတွေ အသုံးပြုလေ့လာ သင်ယူနိုင်အောင် အခြေခံကျောင်းတွေကနေ တက္ကသိုလ်ကောလိပ်တွေအထိ အီလက်ထရွန်နစ် သတင်းအချက်အလက် အရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများ၊ သတင်းအချက်အလက် အရင်းအမြစ်ကွန်ရက်များ၊ အီလက်ထရွန်နစ်စာကြည့်တိုက်များနဲ့ နိုင်ငံတကာအဆင့်မီ သုတေသနဌာနများ တည်ထောင်ပေးတဲ့အပြင် ဘွဲ့လွန်နဲ့ ပါရဂူသင်တန်းတွေကိုပါ တိုးမြှင့်ဖွင့်လှစ်ပေးပြီး ခေတ်မီပညာရပ်အသစ်တွေကို သင်ယူနိုင်အောင် စီမံပေးထားတဲ့အတွက် နိုင်ငံတော်ကို တည်ဆောက်ကာကွယ်နိုင်စွမ်းရှိတဲ့ ပညာတတ်လူ့စွမ်းအားအရင်းအမြစ်တွေ ဖြစ်ထွန်းလာတဲ့ အကျိုးရလဒ်ကောင်းတွေ ရရှိနေပြီဖြစ်ပါတယ်။

အစဉ်ကြိုးပမ်းအားထုတ်

သမီးတို့ တက္ကသိုလ်မှာလဲ ဆရာအတတ်ပညာ မြင့်မားတိုးတက်ပြီး အရည်အသွေးပြည့်ဝတဲ့ ပညာရေးဝန်ထမ်းတွေဖြစ်လာအောင် ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း၊ ပညာရေးဘွဲ့ပေါင်းကူးသင်တန်းနဲ့ ပညာရေးဘွဲ့ လေးနှစ်သင်တန်းတွေ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီး လာမယ့်ပညာသင်နှစ်ကစပြီး အရည်အချင်းပြည့်မီသူတွေကို တက္ကသိုလ်မှာ ဖွင့်လှစ်ပေးထားတဲ့ မဟာပညာရေး ဘွဲ့သင်တန်းကို တက်ရောက်ခွင့်ပြုတော့မှာ ဖြစ်ပါတယ်၊ သမီးတို့အနေနဲ့ မိမိတို့ထမ်းဆောင်ရမယ့်တာဝန်ရဲ့ အရေးပါမှုကို နားလည်သိမြင်ပြီး အရည်အသွေးပြည့်ဝသူတွေ ဖြစ်လာအောင် အစဉ်ကြိုးပမ်းအားထုတ်နေကြမှာ ဖြစ်ပါတယ်၊ တပည့်တွေကိုလဲ နိုင်ငံတော်အတွက် အားထားရတဲ့ ပညာတတ်လူငယ်တွေဖြစ်လာအောင် သမီးတို့သင်ယူတတ်မြောက်ထားတဲ့ ပညာတွေကို အသုံးပြုပြီး လေ့ကျင့်ပျိုးထောင်ပေးသွားပါ့မယ်ရှင်။

သမီးတို့နိုင်ငံဟာ တိုင်းရင်းသားတွေစုပေါင်းနေထိုင်တဲ့ ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်၊ သမီးတို့ဘိုးဘွားတွေဟာ နိုင်ငံတော်အတွင်း ရေကြည်ရာ မြက်နုရာသွားလာနေထိုင်ရင်း တစ်မိတည်းက ပေါက်ဖွားလာကြသူတွေပီပီ တစ်ဦးနဲ့ တစ်ဦး ချစ်ချစ်ခင်ခင်၊ ယုံယုံကြည်ကြည်နဲ့ အေးအတူပူအမျှ လက်တွဲနေထိုင်လာခဲ့ကြသူတွေ ဖြစ်ပါတယ်၊ စည်းလုံးညီညွတ်ခြင်းရဲ့ အားကို ယုံကြည်လက်ခံထားကြတာနဲ့အညီ ခိုင်မာတောင့်တင်းတဲ့ နိုင်ငံတော်ကြီးတွေကို တည်ထောင်နိုင်ခဲ့ကြပါတယ်၊ နိုင်ငံအပေါ် ကျရောက်လာတဲ့အန္တရာယ်တွေကိုလဲ နိုင်ငံအနှံ့ ဘယ်အရပ်ဒေသမှာပဲ နေထိုင်နေထိုင် အရေးကြုံလာရင် အသက်ပေးပြီး လိုက်ပါကာကွယ်ခဲ့ကြတာကို သမီးတို့ လေ့လာမှတ်သားခဲ့ရပါတယ်။ သမီးတို့နိုင်ငံရဲ့မြေကိုတစ်လက်မမျှ ပဲ့ထွက်မှာကို မလိုလားတဲ့စိတ်၊ သမီးတို့နိုင်ငံကို သားစဉ်မြေးဆက် အစွန့်ရှည် တည်တံ့ခိုင်မြဲစေလိုတဲ့ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်နဲ့ သမီးတို့ ဘိုးဘွားတွေဟာ အမိမြေကို ကာကွယ်ခဲ့ကြပါတယ်၊ သမီးတို့ဟာ ဘိုးဘွားအမွေကို ဆက်ခံသူတွေပီပီ သမီးတို့နိုင်ငံနဲ့ သမီးတို့မြေကို မွေးရာပါတာဝန်အဖြစ် မြတ်မြတ်နိုးနိုးနဲ့ ကာကွယ်စောင့်ရှောက်သွားကြမယ့်သူတွေဖြစ်ပါတယ်၊ သမီးတို့နိုင်ငံတိုးတက်ခိုင်မြဲဖို့အတွက် သမီးတို့ရင်မှာ ဖြစ်တည်ပြီးဖြစ်တဲ့ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ကို နိုင်ငံအနှံ့သယ်ဆောင်ပြီး တပည့်တွေနဲ့ ဒေသခံပြည်သူတွေကြားမှာ ရှင်သန်ပြန့်ပွားနေအောင် ကြိုးပမ်းဖော်ဆောင်သွားပါမယ်လို့ တင်ပြအပ်ပါတယ်ရှင်။

ဒို့တာဝန်အရေးသုံးပါး

သမီးတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဖြစ် ရောက်ရှိအောင် တိုင်းရင်းသား ပြည်သူတွေရဲ့အားကိုရယူပြီး ကြိုးပမ်းတည်ဆောက်ခဲ့ရာမှာ မှန်ကန်တဲ့မူဝါဒနဲ့ ဦးတည်ချက်တွေ ချမှတ်ပြီးအားသွန်ခွန်စိုက် ဆောင်ရွက်ပေးခဲ့တဲ့အတွက် သမီးတို့နိုင်ငံဟာ အချိန်တိုအတွင်း လျင်လျင်မြန်မြန်နဲ့ တိုးတက်ဖွံ့ဖြိုးလာခဲ့ပါတယ်။ ဖြစ်ထွန်းလာတဲ့ အခြေအနေကောင်းတွေကို ထိန်းသိမ်းမြှင့်တင်ပြီး သမီးတို့မျှော်မှန်းထားတဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်အဖြစ် ရောက်ရှိအောင် နိုင်ငံတော်အစိုးရက ဆက်လက်ကြိုးပမ်း ဖော်ဆောင်ပေးလျက်ရှိရာမှာ နိုင်ငံတော်က ဦးတည်ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေ အောင်မြင်ပေါက်မြောက်ရေးအတွက် ဒေသခံပြည်သူတွေကို စည်းရုံးဦးဆောင်ပြီး ကျရာအခန်းကဏ္ဍကနေ သမီးတို့ပါဝင်ဆောင်ရွက်သွားကြမှာ ဖြစ်တဲ့အပြင် အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းလိုက်နာ ကာကွယ်စောင့်ရှောက်နိုင်တဲ့ ပညာရေးဝန်ထမ်းကောင်းများအဖြစ်နဲ့ ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်သွားပါမယ်လို့ ဥက္ကဋ္ဌကြီးနဲ့ အကြီးအကဲများရှေ့မှောက်မှာ ကတိပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင့်ဟု ဂါရဝပြုပြောကြားသည်။

ထို့နောက် တွေ့ဆုံဂါရဝပြု ဩဝါဒခံယူသည့်အခမ်းအနားကို နံနက် ၁၀နာရီတွင် ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သင်တန်းသား သင်တန်းသူများနှင့် ကြီးကြပ်သူဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်အလှူရှင်များ ငွေနှင့်အလှူပစ္စည်းလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်အလှူရှင်များက အလှူငွေနှင့် အလှူပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် ဗဟိုအလုပ် အမှုဆောင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဌာနကြီးမှူးများနှင့် အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက ငွေကျပ် သိန်း ၃၀၊ ဦးမောင်ဝိတ်-ဒေါ်ယဉ်မင်းသီက ငွေကျပ် ၁၄၂၅၀၀၀ တန်ဖိုးရှိ Sharp မိတ္တူ ကူးစက်တစ်လုံး၊ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်နီ (ရွှေသံလွင်ကုမ္ပဏီ)က ငွေကျပ် ၁၀ သိန်း၊ ဒေါ်ခင်မိုးညွန့် (အောင်ရှီဖြိုး ကုမ္ပဏီ)က ငွေကျပ်၁၀သိန်း၊ ဓနအောင် ကုမ္ပဏီလီမိတက်မှ ဦးစိုးသိန်းနှင့် ဒေါ်ခင်ချိုအုန်းက ငွေကျပ် တစ်သိန်း၊ ငွေကျပ် တစ်သိန်းတန်ဖိုးရှိ ကြိမ်ခန်းဆီးလိုက်ကာနှင့် ငွေကျပ်ရှစ်သိန်းတန်ဖိုးရှိ ဗီရိုနှစ်လုံး၊ ဦးကျော်ကျော်လှိုင် (Ok Myanmar Co., Ltd.)၊ ဦးသန်းညွန့် (မင်းရောကုမ္ပဏီလီမိတက်)၊ ဦးအောင်ကျော်ဝင်း-ဒေါ်သက်သက်ခိုင် (ရွှေနန်းတော် ရတနာရွှေဆိုင်)၊ ဦးဝင်းနိုင်ဖော် (ပြည့်စုံဝင်းနိုင် ကုမ္ပဏီ)၊ ဦးဇော်ဇော် (Max Myanmar Co., Ltd.)၊ ဒေါ်ထွေးထွေးခိုင်၊ ဦးသိန်းဟံ (Tokyo Pipe Myanmar Piped Co., Ltd.)၊ ဦးချစ်ခိုင်(Aden) ကုမ္ပဏီများအုပ်စု၊ ဦးရှိန်ဝင်း (တက်လမ်းကုမ္ပဏီ)၊ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း၊ ဦးခင်မောင်စန်း-ဒေါ်သဇင်နွယ် (ရွှေသာယာ မော်တော်ကားကုမ္ပဏီ)၊ သီဟသုဓမ္မ မဏိဇောတဓရ အဂ္ဂမဟာသီရိ သုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်-သီဟသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ (သမ္မတသက်န်းတိုက်)၊ ဒေါ်စန်းစန်းမြင့်၊ ကိုအောင်သန်းမြင့် (Super Power Co., Ltd.)၊ Mr. Naresh Kumar (Vinpex Co., Ltd.)၊ ဒေါ်မြတ်မြတ်မွန် (ယုဇနကုမ္ပဏီ)နှင့် သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးမြတ်နွယ် (ပုဂံဟိုတယ်)တို့က ငွေကျပ် ငါးသိန်းစီ၊ ဦးဇော်မိုးခိုင်-ဒေါက်တာစောနေနွယ် (A.A Medical Products Co., Ltd.)၊ ဦးကျော်အောင်-ဒေါ်ရင်ဟွမ် (Benhur Co., Ltd.)နှင့် ဒေါ်ခင်မာလာ (မန်နေဂျင်းဒါရိုက်တာ-နက်ရေး ကုမ္ပဏီလီမိတက်) တို့က ငွေကျပ်သုံးသိန်းစီ၊ ဦးအုန်းဆိုင်-ဒေါ်မြင့်မြင့်စိန် (New Golden Gate 1991 Co., Ltd.)၊ ဦးဝင်းဆွေ-ဒေါက်တာမြတ်သီတာမြင့် မိသားစု၊ ဒေါ်ဂိုစီရောင်း(G.P Battery)နှင့် ဒေါက်တာ ဦးအောင်သိန်း-ဒေါ်မြင့်မြင့်ဝင်းမိသားစု (Nibban T.V Antenna)တို့က ငွေကျပ်နှစ်သိန်းစီ ဦးထွန်းမြင့်-ဒေါ်အေးအေးညွန့် (ကြက်လျှာစွန်း ဒံပေါက် KSS) နှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူနေမှုဘဝမြင့်တင်ရေးလုပ်ငန်းအဖွဲ့တို့က ငွေကျပ်သုံးသိန်းစီ၊ ဒေါ်ခင်မာလာဝင်း (အရဏ်ဦးဆောက်လုပ်ရေး ကုမ္ပဏီ)၊ ဦးခင်မောင်အေး-ဒေါ်ခင်လေးမိသားစု (Gold Power Co., Ltd.)၊ ဦးဟိုစွမ်-ဒေါ်အေးအေးမူ မိသားစု (ဘုန်းဟန်ကျော် ရွှေဆိုင်)၊ ဦးထွန်းလှိုင် (Excellence Mineral Manufacturing Co., Ltd.)၊ IDEA Co., Ltd. နှင့် ဒေါက်တာအောင်ငွေး-ဒေါ်သင်းသင်းခိုင်(ကာတီးယားစိန်တိုက်)တို့က ငွေကျပ် နှစ်သိန်းစီကို လည်းကောင်း၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (Sun Myanmar International Impex Co., Ltd.)၊ ဦးစိုးဝင်း-ဒေါ်ခင်မျိုးသက် (လွှမ်းမိုးသူကုမ္ပဏီ)၊ ဦးတင်ဦး-ဒေါ်ရီရီထွန်း (ရီရီထွန်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်)၊ ဦးတင့်လွင်-သီဟသုဓမ္မသိင်္ဂီဒေါ်ကြူကြူသင်း(ရှမ်းလေးပွဲရုံ)၊ သမားတော်ဦးလှငွေး- သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်နွယ်ဦး (မှန်ချိုဆေးတိုက်)၊ ထပ်ဆင့်အကယ်ဒမီ ဦးစင်ရော်မောင်မောင်၊ ဦးလှမောင်ရွှေ (Shwe Family Co., Ltd.)၊ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ သီဟသုဓမ္မသိင်္ဂီ ဒေါ်ဆယ်တို့က ငွေကျပ်တစ်သိန်းစီတို့ကိုပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများကလက်ခံကြပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှူဒါန်း

ယနေ့ အခမ်းအနားတွင် အလှူရှင် ၄၃ဦးက အလှူငွေကျပ် ၁၆၉သိန်းနှင့် ငွေကျပ်၂၃၂၅၀၀၀တန်ဖိုးရှိ ပစ္စည်းများကို လှူဒါန်းကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ စေတနာရှင် အလှူရှင်များက အလှူငွေနှင့် အလှူပစ္စည်းများ ပေးအပ် လှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ အလှူရှင်တစ်ဦးလှူဒါန်းသော အလှူငွေများကို လက်ခံစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင် အလှူရှင်များက အလှူငွေနှင့် အလှူပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် အလှူရှင်တစ်ဦးလှူဒါန်းသော အလှူငွေများကို လက်ခံစဉ်။

(သတင်းစဉ်)

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း(ရန်ကုန်)၏ (၄၄)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီးရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းခန်းမတွင်ကျင်းပမည်ဖြစ်သည်။ အသက် ၇၅ နှစ်နှင့် အထက်အသင်းဝင် သက်ကြီးဘိုးဘွားများနှင့် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းသူ အသင်းသားများ၏ သားသမီးများစာရင်း၊ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဇန်နဝါရီ ၂၆ရက်နောက်ဆုံးထား၍ ဦးတင်အောင် ဖုန်း-၂၅၆၉၀၈၊ ၅၂၆၇၃၅၊ ဦးမြင့်ဆွေ ဖုန်း-၂၅၆၀၃၇၊ ဦးတင်မောင်ဦး ဖုန်း-၅၀၁၀၅၁ နှင့် ဦးသန်းစိုး ဖုန်း-၃၈၂၇၈၇၊ ၅၃၄၇၃၆၊ ညွှန်ကြားရေးမှူး ပင်စင်ဦးစီးဌာနတို့သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းကြရန်နှင့် ရန်ကုန်ရောက် မင်းလှမြို့နယ်သူ မြို့နယ်သားများအား (အသင်းဝင်ဖြစ်ပြီးဖြစ်စေ၊မဝင်ရသေးသူဖြစ်စေ) မပျက်မကွက်တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်းနှင့် အစည်းအဝေးအပြီးတွင် နိဗ္ဗာန်ဈေးဖြင့် ကျွေးမွေးဧည့်ခံမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအားကဏ္ဍ

တပ်မတော်အစိုးရလက်ထက် လျှပ်စစ်ဓာတ်အားများ တိုးတက်ထုတ်လုပ်

ဆက်လက်အကောင်အထည်ဖော်တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများ

တပ်မတော်အစိုးရလက်ထက်တွင် ပိုမိုအသုံးပြုလျက်ရှိသည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို လိုက်လျောညီထွေ ဖြည့်ဆည်းပေးနိုင်ရန်အတွက် အကောင်အထည်ဖော်လျက်ရှိရာ မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်ရှိ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်ကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"တတိယငါးနှစ်စီမံကိန်း ကာလအတွင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ထပ်မံတိုးချဲ့ရရှိအောင် ဆောင်ရွက်ရန်နှင့် ယင်းသို့ ဆောင်ရွက်ရာတွင် ပေါများကြွယ်ဝသော ရေအရင်းအမြစ်များအခြေခံ၍ လုပ်ကိုင်ဆောင်ရွက်ရန်"** လမ်းညွှန်ထားပေသည်။

တိုးတက်ထုတ်လုပ်ပေးလျက်ရှိ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ မဟာဓာတ်အားလိုင်းအတွင်းထည့်သွင်းနိုင်သည့် ရေအားလျှပ်စစ်စီမံကိန်း ၁၁ခုနှင့် နေရာဒေသ ၄၂နေရာတွင် ဒေသအသုံးပြု ရေအားလျှပ်စစ်စက်ရုံ စီမံကိန်းများကို အကောင်အထည်ဖော်နိုင်ခဲ့ရာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀နီးပါး တိုးတက်ထုတ်လုပ်ပေးလျက်ရှိသည်။

ခန့်မှန်းတွက်ချက်

နိုင်ငံတော်၌ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် ရေအရင်းအမြစ် အသေး၊ အလတ်၊ အကြီး နေရာပေါင်း ၂၆၈ခုမှ စုစုပေါင်း လျှပ်စစ်စွမ်းအား မဂ္ဂါဝပ် ၄၀၀၀၀နီးပါး ထုတ်လုပ်နိုင်စွမ်းရှိသည်ဟု ခန့်မှန်းတွက်ချက်ထားသည်။

ကျန်ရှိသော ရေအားလျှပ်စစ်စီမံကိန်းများကို ဆက်လက် အကောင်အထည် ဖော်နိုင်ရန်အတွက် လျာထားသတ်မှတ် ဆောင်ရွက်လျက်ရှိရာ စီမံကိန်းများ အားလုံးပြီးစီးပါက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

တပ်မတော်အစိုးရ လက်ထက်တွင် ပိုမိုအသုံးပြုလျက်ရှိသည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို လိုက်လျောညီထွေဖြည့်ဆည်းပေးနိုင်ရန်အတွက် စနစ်တကျ လျာထားစီမံ အကောင်အထည်ဖော် ဆောင်ရွက်မည့် ရေအားလျှပ်စစ် စီမံကိန်းများကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။ ။

ဆက်လက် အကောင်အထည်ဖော် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများ

စဉ်	တည်ဆောက်မည့်စီမံကိန်း	တည်နေရာ	ထုတ်လုပ်မည့်မဂ္ဂါဝပ်
၁	အထက်ပေါင်းလောင်း	မန္တလေးတိုင်း၊ ပျဉ်းမနားမြို့နယ်	၁၄၀
၂	ထမံသီ	စစ်ကိုင်းတိုင်း၊ ဟုမ္မလင်းမြို့နယ်	၁၂၀၀
၃	တာဆန်း(သံလွင်)	ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်	၇၁၁၀
၄	သူငွေးချောင်း(သတဲ)	ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်	၁၀၀
၅	သောက်ရေခပ်	ပဲခူးတိုင်း၊ တောင်ငူမြို့နယ်	၁၄၀
၆	သကျက်	တနင်္သာရီတိုင်း၊တနင်္သာရီမြို့နယ်	၂၀
၇	ဒယိုင်းချောင်း(ပိုင်ကျုံ)	ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ်	၂၅
၈	အမ်းချောင်း	ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်	၁၅

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ အစည်းအဝေးများကျင်းပ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များတက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂၀

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမနှင့် သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉နာရီတွင် ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကယားပြည်နယ်မှ ဦးကျော်ဒင် (ခေါ်) ဦးထေးရယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်း ကလည်းကောင်း၊တွဲဖက်အခမ်းအနားမှူး အဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးက လည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၆၄၄ဦးရှိသည့် အနက် ကိုယ်စားလှယ်ပေါင်း ၆၂၆ ဦးတို့ တက်ရောက်ကြသည့်အတွက် တက်ရောက်မှုရာခိုင်နှုန်း ၉၇ဒသမ ၂၀ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်း နှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျ သဘာပတိ တနင်္သာရီတိုင်းမှ ဦးမောင်လှ (ခေါ်) ဦးလှမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊နိုင်ငံသားများ၏ မူလအခွင့် အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ် သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ်မှ ဦးထွန်းသွေး၊ ရန်ကုန်တိုင်းမှ ဒေါ်ခင် အေးမော်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒေါ်တင်တင်အုန်းနှင့် မန္တလေးတိုင်းမှ ဦးသိန်းထွန်းတို့က အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ တင်သွင်းမည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် များအစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ယင်းအကြံပြုချက် စာတမ်းနှင့်စပ်လျဉ်း၍ အလှည့်ကျ သဘာပတိက တက်ရောက်လာကြ သူများ၏ သဘောထားကို ရယူ၍ သဘောတူအတည်ပြုကြောင်း ကြေ ညာပြီး အလှည့်ကျ သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။



တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေး ကို ပြည်ထောင်စုခန်းမ၌ ကျင်းပရာ သဘာပတိ တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခေါ်) ဦးလှမြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အသိပညာရှင်၊အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့

အသိပညာရှင်၊အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မြန်မာ နိုင်ငံ နည်းပညာ ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဦးသိန်းဦးဘိုးစောက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များ အဖြစ် ပါမောက္ခဌာနမှူးနှင့် ခွဲစိတ်ကု ဆရာဝန်ကြီး ဒေါက်တာသိန်းညွှန့် (ညွှန့်ဝေ–ကသာ)နှင့် ရထားပို့ဆောင် ရေးဝန်ကြီးဌာနမှ ဦးလှမြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူး အဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း ကလည်းကောင်း၊ တွဲဖက်အခမ်းအနား မှူးအဖြစ်လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်ကလည်းကောင်း ဆောင် ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် ကိုယ်စားလှယ်ပေါင်း ၅၆ဦး ရှိသည့်အနက် ၅၁ဦး တက်ရောက် ကြသည့်အတွက် တက်ရောက်မှု ရာခိုင် နှုန်း ၉၁ဒသမ၀၇ ရာခိုင်နှုန်း ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်း နှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာသည်။

ထို့နောက်အလှည့်ကျသဘာပတိ မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဦးဘိုးစော က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့် အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ် သင့်သည့်အသေးစိတ် အခြေခံရမည့်မူ များနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ တင်ပြမည့် အကြံပြုချက်စာတမ်းကို ဂီတစာဆို ဟသ်ာတ ဦးမြင့်ဌေးနှင့် မော်လမြိုင် တက္ကသိုလ်ပါမောက္ခချုပ် ဦးစန်းတင့် တို့က ဖတ်ကြားတင်ပြကြသည်။

ထို့နောက် အလှည့်ကျ သဘာ ပတိက အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့တင်ပြမည့် အသိ ပညာရှင်၊ အတတ်ပညာရှင် ကိုယ်စား လှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းနှင့်စပ်လျဉ်း၍ တက်ရောက် လာကြသည့် ညီလာခံကိုယ်စားလှယ် များ၏ သဘောထားကို ရယူပြီး သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျ သဘာ ပတိက နိဂုံးချုပ် အမှာစကားပြော ကြားကာ အစည်းအဝေးကို ရုပ်သိမ်း လိုက်သည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ နည်းပညာ ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဦးဘိုးစော အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ် များအစုအဖွဲ့၏ အစည်းအဝေးကို နံနက်၁၀နာရီတွင် ဆွေးနွေးပွဲခန်းမ (၈)၌ ကျင်းပရာ အလှည့်ကျ သဘာ ပတိအဖြစ် မြန်မာသမိုင်းအဖွဲ့ အတွင်း ရေးမှူး ဦးထွန်းအောင်ချိန်က ဆောင် ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူး ဒေသ(၂)မှဦးပေါ်လိုက်ခမ်းနှင့် ကချင် ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာ မနန်တူးဂျာ တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူး အဖြစ် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြား ရေးမှူး ဦးအောင်ကြည်က လည်း ကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်း မြင့်က လည်းကောင်း ဆောင်ရွက် ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် ကိုယ်စားလှယ်ပေါင်း ၈၉ဦး ရှိသည့်အနက်၈၈ဦးတို့ တက်ရောက် ကြသည့်အတွက် တက်ရောက်မှု ရာခိုင်နှုန်း ၉၈ဒသမ ၈၈ ရာခိုင်နှုန်းရှိ သဖြင့် အစည်းအဝေး အထမြောက် ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက် အရ အစည်းအဝေး စတင်ကျင်းပ ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျ သဘာ ပတိ မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်က အဖွင့်အမှာ စကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလ အခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ် သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍အမျိုးသား ညီလာ ခံ စုံညီအစည်းအဝေးသို့တင်ပြမည့် အကြံပြုချက် စာတမ်းကိုရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)မှ ဦးစဝ် ကိုင်ဖနှင့် ပဟောင်သရော အထူးဒေသ အဖွဲ့မှ ဦးမန်းအောင်တင်မြင့်တို့က ဖတ်ကြားတင်ပြကြသည်။

ထို့နောက် အလှည့်ကျ သဘာ ပတိက အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့တင်ပြမည့် အကြံပြု ချက် စာတမ်းနှင့် စပ်လျဉ်း၍ တက် ရောက်လာကြသည့် ညီလာခံကိုယ်စား လှယ်များ၏ သဘောထားကို ရယူပြီး သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျ သဘာ ပတိက နိဂုံးချုပ် အမှာစကား ပြော ကြားကာ အစည်းအဝေးကို ရုပ်သိမ်း လိုက်သည်။

(သတင်းစဉ်)

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အစည်းအဝေး ကို ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ သဘာပတိ မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၁–၁–၂၀၀၆ (စနေနေ့)

၁၃၆၇ခုနှစ်၊ ပြာသိုလပြည့်ကျော်၈ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓ‌ေ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကတောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အကပြိုင်ပွဲ
၈:၀၀ ၆။ တေးဂီတအစီအစဉ်
၈:၁၀ ၇။ အတီးပြိုင်ပွဲ
၈:၂၀ ၈။ ထပ်ဆင့်အောင်ပွဲ ရောဝတီတံတား(ဒေးဒရဲ)
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar Made Easy

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၅ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၅၀ ၆။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ Doraemon
၁၃:၁၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **“နေခြည်နွေးနွေး”**(အပိုင်း–၂၄)
၁၃:၅၀ ၈။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၄:၀၀ ၉။ အဆိုပြိုင်ပွဲ
၁၄:၀၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၄:၂၀ ၁၁။ အတီးပြိုင်ပွဲ
၁၄:၃၀ ၁၂။ **“အလံလေးတော့ကိုင်ပြပါ”** ဖွဲ့နိုင်ဝင်း၊ ရတနာခင် (ဒါရိုက်တာ – မင်းအုပ်စိုး)
၁၄:၄၅ ၁၃။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အတီးပြိုင်ပွဲ
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သင်္ချာအထူးပြု)[သင်္ချာ]
၁၆:၅၅ ၅။ အကပြိုင်ပွဲ
၁၇:၀၀ ၆။ မြန်မာစာ မြန်မာစကား
၁၇:၁၅ ၇။ **“ရွှေကြက်ဆူဘိုင်အိုဒီဇယ်”** (ဇော်၊ ငှက်ပျောကြော်၊ ဂွမ်းပုံ) (ဒါရိုက်တာ–ဖုန်းမြင့်အောင်)
၁၇:၂၅ ၈။ တေးဂီတအစီအစဉ်
၁၇:၃၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ **“ကြက်ဆူရိုင်းမှ ဘိုင်အိုဒီဇယ်”**
၁၈:၄၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **“အသည်းနှလုံးနဲ့လူသား”** (အပိုင်း–၃)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **“မိုးယံသို့လွင့်ပျံ့စေမည့် ကောသရာဇာတို့၏အားမာန်”(အပိုင်း–၁) (ညွန့်ဝင်း၊ရန်အောင်၊ကျော်ရဲအောင်၊လွင်မိုး၊ရီဝေယံ၊ခင်သန်းနု၊မေသန်းနု၊စိုးမြတ်သူဇာ၊စိုးမြတ်နန္ဒာ၊ခိုင်သင်းကြည်၊ရတနာခင်) (ဒါရိုက်တာ–စင်ရော်မောင်မောင်)**
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်မိပြီဆိုရင်”**(အပိုင်း–၁၅)
၁၉။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

အိန္ဒိယရေတပ်မတော်ဦးစီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးလေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်မတော် ဦးစီးချုပ်၏ ဇနီး Mrs. Kumkum Prakashနှင့်အဖွဲ့ဝင်များသည် တနင်္သာရီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၏ဇနီး ဒေါ်စုညွန့်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များက ကြိုဆိုကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာ တို့က အသင်း၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက် လျက်ရှိသော လုပ်ငန်းများ အကြောင်းကို ရှင်းလင်းပြောကြား ကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယရေတပ်မတော်ဦးစီးချုပ်၏ ဇနီးအား မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အမှတ်တရလက် ဆောင်များကို ပေးအပ်သည်။

အမှတ်တရလက်ဆောင်ပေးအပ်

ဆက်လက်၍အိန္ဒိယရေတပ်မတော် ဦးစီးချုပ်၏ဇနီးက ကျေးဇူးတင်စကား ပြောကြားပြီး အသင်းသို့ အမှတ်တရ လက်ဆောင်များကို ပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက လက်ခံသည်။

ယင်းနောက်အိန္ဒိယရေတပ်မတော် ဦးစီးချုပ်၏ဇနီးသည် ဧည့်သည်တော် မှတ်တမ်း၌ လက်မှတ် ရေးထိုးပြီးအဖွဲ့ ဝင်များနှင့်အတူ အမှတ်တရ ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် အိန္ဒိယရေတပ်မတော် ဦးစီးချုပ်၏ဇနီးနှင့်အဖွဲ့ဝင်များသည် ခန်းမအတွင်း ပြသထားသော မြန်မာ နိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံ များနှင့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုး ရေးဌာနတို့ကိုကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် အိန္ဒိယ ရေတပ်ဦးစီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များသည် ကမ္ဘာအေးစေတီ လမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်သို့ ရောက်ရှိကြရာ မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြတိုက်အတွင်း လိုက်လံ ရှင်းလင်း ပြသကြသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းအား ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်မတော်ဦးစီးချုပ်၏ဇနီး Mrs. Kum kum Prakash က အမှတ်တရလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး ဆပ်ကော်မတီအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများ ရှင်းလင်းတင်ပြ

ရန်ကုန် ဇန်နဝါရီ ၂၀

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေး ခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ယင်းလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင်သဘာပတိအဖြစ်အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သန်းဌေးက ဆောင်ရွက်သည်။

အမှာစကား

ရှေးဦးစွာ သဘာပတိ အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ် လွန်းမောင်က အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေးဆပ်ကော်မတီ၊ ဝန်ထမ်းများကျွေးမွေးဧည့်ခံရေးလုပ်ငန်း အဖွဲ့၊ ဖျော်ဖြေရေးနှင့် သက်သာ ချောင်ချိရေးဆပ်ကော်မတီ၊ သယ်ယူ ပို့ဆောင်ရေးဆပ်ကော်မတီ၊ ပြန်ကြား ရေး ဆပ်ကော်မတီ၊ကျန်းမာရေး ဆပ် ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ အဆောက် အအုံ၊ရေ၊မီး၊လေညှိစက်ပြင်ဆင်ထိန်း သိမ်းရေးဆပ်ကော်မတီနှင့် ရန်ကုန် မြို့တော်စည်ပင်သာယာရေး ကော်မတီ တို့မှဆပ်ကော်မတီဥက္ကဋ္ဌများ၊ အတွင်း ရေးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိ သူတို့က မိမိတို့ဆပ်ကော်မတီနှင့် ဌာနအလိုက် လုပ်ငန်းများဆောင်ရွက် ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြ သည်။

တင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံးမှ တာဝန်ရှိသူ က ဆွေးနွေးတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဝင် များ၊ ဆပ်ကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အထွေထွေကိစ္စရပ် များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိအမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော် မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ် လွန်းမောင်က လုပ်ငန်းများကို ပေါင်း စပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁-၂၀၀၆ (စနေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တန်ခိုးတော်အနန္တ ပြည့်ဝမ္မွမ်းထုံ ရွှေစည်းခုံ
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	ပြည်တွင်းသတင်းအကျဉ်း
၇:၃၀	မြစ်မိမ်းရောင်ဘက်စုံစိုက်ပျိုး မွေးမြူရေးစခန်း (ပျားလိမ္မော်စိုက်ခင်း)
၇:၃၅	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
၈:၀၀	တေးဂီတအစီအစဉ်
၈:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၁၀	သွေးလွန်တုပ်ကွေး ကာကွယ်ရေး ခြင်လောက်လန်း နှိမ်နင်းပေး
၈:၂၅	တေးဂီတအစီအစဉ်
၈:၃၀	စင်တင်တင်ဆက်မှု (ရွှေပြိုးပွဲတော် နွဲပျော်ပျော်ယိမ်း)
၈:၃၅	မိုးလေဝသခန့်မှန်းချက်
၈:၄၀	ဂီတသံစဉ်အလှဆင် (တင်တင်မြ)
၉:၀၀	အမှတ်(၄) အထပ်သားစက်ရုံ (ပုသိမ်)
၉:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅	တေးဂီတအစီအစဉ်
၉:၂၀	Business Talk
၉:၅၀	တေးဂီတအစီအစဉ်
၉:၅၅	မြစ်ကိုမြင်လျှင် တံတားဆင်
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	အောင်ကိုနှင့်ဖန်တီးမှုအနုပညာ
၁၀:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀	ရောင်းမယ် ဝယ်မယ် (မေသဇ္ဈာဦး၊ ခင်လေးနွယ်)
၁၁:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀	မိသားစုတနင်္ဂနွေ (တိုင်းရင်းသားကျေးရွာ)
၁၁:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	သတ္တုတွင်းဦးစီးဌာန(၁)
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၅:၄၀	ပရီမီယာလိဂ် သုံးသပ်ချက် (ဦးတင်မောင်ဆွေ၊ ဖေဒီ "Three Season"၊ ပြည့်ဖြိုးဟန်)	5-Sports
၆:၃၀	EPL ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၇:၁၀	Everton-Arsenal	5-Sports(Live)
၉:၂၅	Tottenham-Aston Villa	5-Sports(Live)
	Bolton-Man:City	5-Cartoons(Live)
	Newcastle-Blackburn	5-Movies(Live)
၁၁:၃၀	Middlesbrough-Wigan	5-Cartoons (SDD)
	Birmingham-Portsmouth	5-Movies (SDD)
၁၁:၄၀	West Brom-Sunderland	5-Sports(Live)
၂:၀၀	Final Score	5-Sports(Live)

Series-A ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၂:၀၀	Inter Milan-Palermo	MRTV-4(Live)

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

မဟာဝိသုဒ္ဓါရုံ ရွှေကျောင်းတိုက်သစ် ကျောင်းတိုက်တည်(၄၇)နှစ်ပြည့် တရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

ပဓာနနာယက တိပိဋကရေ ဓမ္မ ဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ (ယော) ဆရာတော်ကြီး စီမံအုပ်ချုပ် တော်မူလျက်ရှိသော ဗဟန်း မဟာ ဝိသုဒ္ဓါရုံ ရွှေကျောင်းတိုက်သစ် ကျောင်း တိုက်တည် (၄၇)နှစ်ပြည့် အထိမ်း အမှတ် ဓမ္မအောင်ပွဲနှင့် တစ်နှစ်တာ အတွင်း တစ်နိုင်ငံလုံးရှိ တိပိဋက ရွေးချယ်ရေးစာမေးပွဲအပြင် စာမေးပွဲ အသီးသီးတွင် အောင်မြင်ကြသည့် အထူးအောင်နှင့် ရိုးရိုးအောင်စာအောင် သံဃာတော်များအား ချီးကျူးဂုဏ်ပြု ပူဇော်ပွဲကို ၁၃၆၇ ခု တပို့တွဲလဆန်း ၁၂ ရက် ဇန်နဝါရီ၂၉ရက်(တနင်္ဂနွေ နေ့)နံနက်၉နာရီတွင်ကျင်းပမည်ဖြစ်ရာ ပစ္စည်းလေးပါး အလှူရှင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဝေယျာဝစ္စအဖွဲ့က ဖိတ်ကြားထားသည်။

ပူဇော်ပွဲအခမ်းအနားတွင် တရားပွဲ များကို ညစဉ်၇နာရီမှစ၍ ဓမ္မသဘင်၌ ဟောကြား ချီးမြှင့်သွားမည်ဖြစ်ရာ ဇန်နဝါရီ ၂၇ရက်တွင် ဓမ္မဒူတ အရှင် ဆေကိန္ဒ၊ ၂၈ရက်တွင် စစ်ကိုင်း သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ၊၂၉ရက်တွင်ရွှေပါရမီတောရ အရှင်ဆန္ဒာဓိကတို့က နိဗ္ဗာန်ရောက် ကြောင်းတရားတော်များကိုချီးမြှင့်သွား မည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

ဒဂုံမြို့သစ်(တောင်ပိုင်း) မိဘာရိပ်သီတဂူဓမ္မသဘင် (အထူးတရားပွဲ)

ရန်ကုန် ဇန်နဝါရီ ၂၀

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတရေ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သီတဂူ ဆရာတော် ဒေါက်တာ အရှင် ဉာဏိဿရ (D.Litt)(Ph.D) သည် ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊၂၀ရပ်ကွက် လှော်ကားလမ်း၊ အမှတ်(၁)ရှိ သီရိသုဓမ္မမဏ်ဓောတရေ သီတဂူဦးနိုင်ဦး (မိဘာရိပ်)-သီတဂူ ဒေါ်အေးသိန်း၊မိဘာရိပ်ကုမ္ပဏီလီမိတက် မိဘာရိပ် သစ်စက်မိသားစုတို့၏ အလှူ မင်္ဂလာမဏ္ဍပ်ရှေ့၌ (၁၃၆၇ခုနှစ် ပြာသို လပြည့်ကျော်၉)ရက်ဇန်နဝါရီ ၂၂ ရက် (တနင်္ဂနွေနေ့) ည၇နာရီတွင် သီတဂူ ဓမ္မသဘင်၌ တရားပွဲ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အိန္ဒိယတပ်မတော်မှချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ သူရဲကောင်းစစ်သည်ဗိမာန်နှင့် စစ်သမိုင်းပြတိုက်လေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်မြို့တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေ တပ်မတော်မှ Chairman Chiefs of Staff Committee (COSC) and Chief of Naval Staff, Admiral Arun Prakash (PVSM, AVSM, VrC, VSM, ADC) နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှစစ်သံမှူး Colonel Jasvinder Singh Chopra နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၇ နာရီတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ကြည်ညိုရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။ ယင်းနောက် ဧည့်သည်တော်နှင့်အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင်ရှိ ဧည့်ခံတန်ဆောင်း၌ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ကပ်လှူပူဇော်ကြပြီး ဧည့်သည်တော် အိန္ဒိယရေတပ်ဦးစီးချုပ်က စေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကာ အလှူငွေများပေးအပ်လှူဒါန်းသည်။

လှည့်လည်ကြည်ညို

ထို့နောက် ဧည့်သည်တော်နှင့်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သာသနိက အဆောက်အအုံများကို လှည့်လည်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Arun Prakash နှင့်အဖွဲ့ဝင်များသည် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့ရောက်ရှိကြရာ သူရဲကောင်းစစ်သည်ဗိမာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ငယ် ဒုတိယဉက္ကဋ္ဌ ဗိုလ်မှူးကြီးထွန်းဦးနှင့် တပ်မတော်အရာရှိများက ကြိုဆိုကြပြီး ဧည့်သည်တော် အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သူရဲကောင်းစစ်သည်ဗိမာန်၌ ဂုဏ်ပြုပန်းခြင်းချ အလေးပြုကာ သူရဲကောင်းစစ်သည်ဗိမာန်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ပြခန်းများလေ့လာ

ထို့နောက် ဧည့်သည်တော်နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ ရောက်ရှိကြရာ တပ်မတော်စစ်သမိုင်းပြတိုက်မှ ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြတိုက်အတွင်းရှိ ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် အိန္ဒိယရေတပ်ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဇဗားရှား ဂူဗိမာန်သို့သွားရောက်၍ ဂါရဝပြုကြသည်။ **(သတင်းစဉ်)**

ဘုရားဖြူခမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသော (၇၄)ကြိမ်မြောက် ဝိနည်းစာပြန်ပွဲ ဆုနှင်းသဘင်အကြိုတရားပွဲအဖြစ်၊ ဇန်နဝါရီ ၂၂ရက် (တနင်္ဂနွေနေ့) ည ၇ နာရီတွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ရွှေဟင်္သာ အရှင်အာစာရာလင်္ကာရက တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးနှမ်းထမနဲစတုဒိသာပွဲ

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီးတွင် ကိုးကြိမ်မြောက် နှမ်းထမနဲထိုးပွဲနှင့် အလှူပွဲကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်တွင် ကျင်းပမည်ဖြစ်ပြီး ယင်းနေ့ညနေ ၃နာရီမှ စတင်ကာ ဧည့်သည်တော်များ၊ အလှူရှင်များ၊ ဘုရားဖူးလာဓမ္မမိတ်ဆွေများအား စတုဒိသာကျွေးမွေး၍ လှူဒါန်းမည်ဖြစ်ပါသည်။ နှမ်းထမနဲတစ်ဒယ်လျှင် ငွေကျပ် ၈၀၀၀ နှုန်းဖြင့်လည်းကောင်း၊ တစ်နိုင်အလှူဖြင့်လည်းကောင်း ဂေါပကရုံး ဖုန်း-၂၉၀၄၂၅- သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

အိန္ဒိယရေတပ်မတော်မှချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ သန်လျင်ရေတပ်လေ့ကျင့်ရေးဌာနချုပ်နှင့် ရေတပ်သင်္ဘောကျင်းလေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်မတော်မှ Chairman Chiefs of Staff Committee ̊(COSC)And Chief of Naval Staff, Admiral Arun Prakash (PVSM, AVSM,VrC, VSM, ADC) နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Colonel Jasvinder Singh Chopra နှင့်တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း နန်းသီတာဆိပ်ကမ်းမှ တပ်မတော်ရေယာဉ်ဖြင့်ထွက်ခွာကြပြီး ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ရောက်ရှိကြရာ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ် ဉာဏ်ထွန်းနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ရှင်းလင်းဆောင်ခန်းမ၌ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ် ဉာဏ်ထွန်းက နှုတ်ခွန်းဆက် စကားပြောကြားပြီး ရေတပ်လေ့ကျင့်ရေးဌာနချုပ်၏ သမိုင်းကြောင်းနှင့် သင်ကြားမှုဆိုင်ရာများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြောကြားသည်။

စိုက်ပျိုးပေး

ယင်းနောက် ဧည့်သည်တော်နှင့် အဖွဲ့ဝင်များသည် ရေတပ်လေ့ကျင့်ရေး ဌာနချုပ်အတွင်း လှည့်လည် ကြည့်ရှုကြပြီး ဧည့်ရိပ်သာခန်းမ၌ အိန္ဒိယ ရေတပ်ဦးစီးချုပ် Admiral Arun Prakash နှင့် ရေတပ်လေ့ကျင့်ရေး ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးတင်ဦးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြကာ အိန္ဒိယရေတပ်ဦးစီးချုပ်သည် ဧည့်ရိပ်သာရှေ့၌ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် မဟော်ဂနီပင်ကို စိုက်ပျိုးပေးသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် အိန္ဒိယရေတပ် ဦးစီးချုပ် Admiral Arun Prakash ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရေတပ်သင်္ဘောကျင်းဌာနချုပ်သို့ ရောက်ရှိရာ ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ပေါ်ထွန်းနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြပြီး ရှင်းလင်းခန်းမဆောင်၌ ရေတပ်သင်္ဘောကျင်းဌာနချုပ် ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးကြီး ဟန်စိန်က ရေတပ်သင်္ဘောကျင်း ဌာနချုပ်၏ သမိုင်းကြောင်းကို ဗီဒီယို ဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

အမှတ်တရ

ထို့နောက် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Arun Prakash နှင့် ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ပေါ်ထွန်းတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး ရေတပ်သင်္ဘောကျင်းဌာနချုပ်အတွင်း လှည့်လည် ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသံရုံးများမှသံတမန်များ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်း၌လေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဦးကျော်သူနှင့်ဇနီးတို့ ဦးဆောင်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာသံတမန်အဖွဲ့နာယကဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme Phoebe A.Gomez နှင့် နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဇနီးများပါဝင်သော သံတမန်လေ့လာရေးအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်းလေ့လာရန် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာကြရာ နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဇနီးနှင့် သံတမန်များအား ရှမ်းပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဇနီး ဒေါ်ခင်သန့်စင်နှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ရိုးရာယဉ်ကျေးမှုအက အဖွဲ့များက လားရှိုးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ကောက်စိုက်ပွဲ

ထို့နောက် သံတမန်အဖွဲ့ဝင်များသည် လားရှိုးခရိုင် သိန်းနီမြို့နယ်မြို့မကွင်း၌ကျင်းပသော ၂၀၀၆ ခုနှစ် နွေစပါး ဧက ၄၄၀၀ ကောက်စိုက်ပွဲ အခမ်းအနားသို့ သွားရောက် ကြည့်ရှုလေ့လာကြရာ သိန်းနီတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဦးနှင့်တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် မူဆယ်မြို့သို့ရောက်ရှိကြရာ စိန်ရတနာဟိုတယ်ရှိ စိန်ရတနာခန်းမ၌ ဒုတိယဝန်ကြီးနှင့် သံတမန်အဖွဲ့ဝင်များအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်ဝင်းနှင့်နယ်စပ် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်တို့က မူဆယ်မြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် မြန်မာ-တရုတ် နယ်စပ်ပုံမှန် ကုန်သွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် သံတမန်အဖွဲ့ဝင်များသည် မြန်မာ-တရုတ် နယ်စပ်၌ ကြည့်ရှု လေ့လာကြပြီး မူဆယ်မြို့၌ ညအိပ်ရပ်နားကြသည်။

သံတမန်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၇ ရက်တွင် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြပြီး လားရှိုးမြို့တော်ခန်းမ၌ ကျင်းပသော နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေး ကော်မတီ၏ သတင်းစာ ရှင်းလင်းပွဲ (၁/၂၀၀၆)သို့ တက်ရောက်ကြသည်။

ညစာတည်ခင်း

ညပိုင်းတွင် သံတမန်အဖွဲ့ဝင်များအား အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ရွှေလီရိပ်သာ မြက်ခင်းပြင်၌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်ဇနီးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲ တွင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ဖြေဖျော်ပြီး တိုင်းမှူးက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

သံတမန် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၈ ရက် နံနက်၌ လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြပြီး အမျိုးသား ကန်တော်ကြီးဥယျာဉ်ကို သွားရောက်လေ့လာကြည့်ရှုကြသည်။

ဂုဏ်ပြုဧည့်ခံ

သံတမန်အဖွဲ့ဝင်များအား အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ပြင်ဦးလွင် တပ်နယ်မှူး စစ်တက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ညီထွန်းက နေ့လယ်စာဖြင့် ဂုဏ်ပြုဧည့်ခံသည်။

သံတမန်အဖွဲ့ဝင်များသည် ညနေ ၄ နာရီတွင် မန္တလေးမြို့သို့ရောက်ရှိကြပြီး မဟာမုနိရုပ်ရှင်တော်အား ကြည်ညို၍ ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ညပိုင်းတွင်မန္တလေးတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က သံတမန်အဖွဲ့ဝင်များအား နန်းမြို့ဧည့်ရိပ်သာ မြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဖြေဖျော်

ညစာစားပွဲတွင် မြို့မတူရိယာ တေးသံသာများနှင့် ယဉ်ကျေးမှုအကပဒေသာများဖြင့် ဖြေဖျော်ပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က သံတမန်များအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်သည်။

သံတမန် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်နှင့် ဦးဆန်းဝင်းတို့က တံတား တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်း ပြောကြားကြပြီး မေးမြန်းချက်များကို ဖြေကြားကြသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ သံတမန်အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေး လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ဓါတ်ပုံ)**

ထို့နောက် သံတမန်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် အမရပူရမြို့နယ်ရှိ ဦးပိန်တံတားကို သွားရောက် ကြည့်ရှုလေ့လာကြကာ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် သံတမန်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

စာပေဗိမာန်စာအုပ်အသင်း ပေးစာအုပ်များဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၀

စာပေဗိမာန်စာအုပ်အသင်းက ၂၃အုပ်မြောက်စာအုပ်အဖြစ်ဖြန့်ချိမည့် ၂၀၀၃ခုနှစ် စာပေဗိမာန်စာမူဆု၊သုတပဒေသာ(ဝိဇ္ဇာပညာရပ်)ပထမဆုရ သတင်းထောက်သောင်းညွှန့်(ဖျာပုံ)၏ အမျိုးသမီးများသိမှတ်ဖွယ်ရာ ဥပဒေရေးရာစာအုပ်ကို ရန်ကုန်နှင့်နယ် အသင်းဝင်များသို့ ဖြန့်ချိမည်ဖြစ်ရာ ရန်ကုန်အသင်းဝင်များသည် အမှတ် ၅၂၉/၅၃၁ကုန်သည်လမ်းရှိစာပေဗိမာန်စာအုပ်အသင်းတွင်လာရောက် ထုတ်ယူနိုင်ပြီး နယ်အသင်းဝင်များသို့ပေးပို့ပေးလျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းသို့ ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့်လည်းကောင်း အသင်းအဖွဲ့များ၊စာကြည့်တိုက်များ အနေဖြင့်လည်းကောင်းအသင်းဝင်လိုပါက ကြိုတင်ငွေကျပ်၁၅၀၀ ပေးသွင်းပြီး ယင်းကြိုတင်ငွေမှအသင်းသားများသို့ ဖြန့်ချိသည့် စာအုပ်တန်ဖိုး (လျှော့နှုန်း)အလိုက် ခုနှိမ်မည်ဖြစ်သည်။ အသင်းပေးစာအုပ်များကို နယ်အသင်းဝင်များထံသို့ စာတိုက်၊ ရေကြောင်း၊လေကြောင်း၊မီးရထားတို့ဖြင့်ပေးပို့မည်ဖြစ်သည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုလျှင်အတွင်းရေးမှူးစာပေဗိမာန်စာအုပ်အသင်း ရန်ကုန်မြို့ကုန်သည်လမ်း၊ အမှတ်-၅၂၉/၅၃၁သို့လိပ်မူ၍ဆက်သွယ်နိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်းသားသင်တန်းသူများ ပြည်သူ့လွှတ်တော်နှင့်ရန်ကုန်မြို့တွင်းကြည့်ရှုလေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၀

ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၇)မှ သင်တန်းသား သင်တန်းသူများသည် လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးအဖွဲ့ အတွင်းရေးမှူး ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်း၊ လေ့လာရေးအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်အေးအေးကြိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

ထိုမှတစ်ဆင့် လေ့လာရေး သင်တန်းသား သင်တန်းသူများသည် သစ်တောဦးစီးဌာန တိရစ္ဆာန်ဥယျာဉ်များ ဌာနခွဲ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)သို့ ရောက်ရှိကြရာ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အထိမ်းအမှတ် အလံလဲလှယ်ကြပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် လေ့လာရေး သင်တန်းသား သင်တန်းသူများသည် တိရစ္ဆာန်ယဉ်ကျေးလိမ္မာပြပွဲကို ကြည့်ရှုအားပေးပြီး တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)အတွင်း အဖွဲ့လေးဖွဲ့ခွဲ၍ ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ လေ့လာရေး သင်တန်းသား သင်တန်းသူများသည် ကန်တော်ကြီး သဘာဝဥယျာဉ်ရှိ ရေချိုငါးဥယျာဉ်သို့ ရောက်ရှိကြရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းကျော်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ရေချိုငါးဥယျာဉ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် လေ့လာရေး သင်တန်းသား သင်တန်းသူများသည် ကန်တော်ကြီး သဘာဝဥယျာဉ်ကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုကြသည်။

(သတင်းစဉ်)

မိုးကောင်းစေတီတော် ဂေါပကအဖွဲ့သစ် ဖွဲ့စည်း

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့်စေတီတော်ဂေါပကအဖွဲ့သစ် ပြန်လည်ဖွဲ့စည်းခြင်း အခမ်းအနားကို ဇန်နဝါရီ၁၅ရက်က ဂေါပကအဖွဲ့ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ပူဇော်ပြီးဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားအတည်ပြုပြီး အမှုဆောင်အဖွဲ့သစ်ကို ပြန်လည်ရွေးချယ်ရာ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးကျော်မင်း ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ဒုတိယဥက္ကဋ္ဌများအဖြစ် သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းထွန်း (ကံ့ကော်ရွှေပြည်)နှင့် ဦးကိုကိုကြီး၊ အတွင်းရေးမှူးအဖြစ် ဦးချစ်ရွှေနှင့် ဘဏ္ဍာရေးမှူးအဖြစ် ဦးလှသိန်း(အရိယာဓမ္မာရုံ)တို့ အပါအဝင် အမှုဆောင်အဖွဲ့ဝင် ၁၅ဦးကို ရွေးချယ်တင်မြှောက်ကြကြောင်းသိရသည်။

(က-ပ)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပရေးစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ကျင်းပသည်။**(ဓါတ်ပုံ)**

အမှာစကားပြောကြား

အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပရေးလုပ်ငန်း ဆပ်ကော်မတီအဖွဲ့ခေါင်းဆောင်များ၊ ဒုတိယခေါင်းဆောင်များ၊ အတွင်းရေးမှူးနှင့်ဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများတက်ရောက်ကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ဆပ်ကော်မတီအသီးသီးနှင့် အတွင်းရေးမှူးအဖွဲ့တို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက ဆောင်ရွက်ရမည့် လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က လိုအပ်သည်များကိုမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း
ပညာရပ်ဆိုင်ရာဟောပြောပွဲ
ဟောပြောမည့်ခေါင်းစဉ်

Geological Events in The Yamethin-Mandalay-Mogok belt: Collision-Related metamorphism in the Early Permian, Jurassic, and? Early Tertiary

ဟောပြောမည့်ပုဂ္ဂိုလ်
Dr. Andrew H.G. Mitchell
Project Manager
Ivanhoe Myanmar Holdings Ltd. (Exploration)

နေ့ရက် – ၂၈-၁-၂၀၀၆ရက်(စနေနေ့)
အချိန် – မွန်းလွဲ၁နာရီ
နေရာ – Function Hall, Myanmar Info-Tech၊ လှိုင်နယ်မြေ။

အသင်းဝင်များနှင့် စိတ်ဝင်စားသူများ တက်ရောက်ကြရန် ဖိတ်ကြား ပါသည်။ မွန်းလွဲ ၁၂:၃၀နာရီတွင် ရန်ကုန်တက္ကသိုလ် စာတိုက်အနီး၌ ကားများစီစဉ်ထားပါမည်။

မင်္ဂလာဈေးဓမ္မာရုံ တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၀

ရွှေတိဂုံ ဘုရားအရှေ့ဘက်မုခ် ကြားတောရလမ်း ဗဟန်းမြို့နယ် မင်္ဂလာဈေး ဓမ္မာရုံတော်ကြီးတွင် ဝါပအထူးတရား ဓမ္မသဘင်ပွဲအဖြစ် ဇန်နဝါရီ ၂၀ ရက် ပထမပွဲတွင် တိပိဋကရေ တိပိဋကကောဝိဒ ဘဒ္ဒန္တကုဏ္ဍပါလ (ရမ္မာဝတီဆရာတော်)၊ ဒုတိယပွဲနှင့်၂၁ရက်တို့တွင် အရှင်ဆေကိန္ဒ အရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ်၇နာရီမှစ၍ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဂုဏ်ယူဝမ်းမြောက်ခြင်း

၄-၁-၂၀၀၆ရက်တွင် နိုင်ငံတော်က ချီးမြှင့်ပေးအပ်သည့် **"သီရိသုဓမ္မ မဏိဇောတဓရ"** ဘွဲ့တံဆိပ် ချီးမြှင့်ခံရသော မိဘရိပ်ကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ သီတဂူ **ဦးနိုင်ဦး** အား ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နောင်ယခုထက်ပိုမိုလှူဒါန်းနိုင်ပြီး မိသားစုနှင့်အတူ သာသနာ့အကျိုးကို ထမ်းပိုးဆောင်ရွက်နိုင်သူဖြစ်စေရန် ဆုတောင်းဂုဏ်ပြုအပ်ပါသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်
တိပိဋကဆရာတော်ကြီးများ ပူဇော်ရေးအဖွဲ့။



တီဘီရောဂါ သတိပြုကြကွယ်ပါ

- ❐ ရက်သတ္တပတ်(၃)ပတ်ကျော် ချောင်းဆိုးလျှင်–
- ❐ သလိပ်တွင် သွေးပါလျှင်–
- ❐ တငွေ့ငွေ့အဖျားတာရှည်လျှင်–
- ❐ တဖြည်းဖြည်း ပိန်ချုံးလာလျှင်–

နီးစပ်ရာကျန်းမာရေးဌာနများတွင်
တီဘီရောဂါ ရှိ–မရှိ စစ်ဆေးပါ
တီဘီလူနာများကို အစွမ်းထက်သော တီဘီဆေးများဖြင့်
ပျောက်ကင်းသည်အထိ
အခမဲ့ ဆေးကုသပေးလျက်ရှိသည်။

အသေးစိတ်သိရှိလိုပါက
အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း
(ဖုန်း–၀၁–၃၈၀၉၅၁၊ ၃၈၀၉၅၂၊ ၃၈၀၉၅၄သို့
ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

ကျန်းမာရေးဝန်ကြီးဌာန

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်တော် ဦးကျော်သန်း MNI-081351သည်ဇနီးဖြစ်သူ ဒေါ်စိုးစိုးရှိန် SRM-084040အား ၁၀-၁-၂၀၀၆ ရက် မြန်မာ့အလင်းသတင်းစာ၌ ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာခဲ့ပါသည်။ ၎င်းကြေညာချက်ကို ကျွန်တော် ဦးကျော်သန်းက ပြန်လည်ရုပ်သိမ်းပါသည်။

ဦးကျော်သန်း
MNI -081351 ။



ဖခင်အမည်မှန်

မြိတ်မြို့ အထက(၁)နဝမတန်း(D)မှ မဆုပေဟမာခိုင်နှင့် သတ္တမတန်း(C)မှ မနီလာစိုးတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမောင်ချမ်း ၆/မမန(နိုင်)၁၄၃၀၇၅ ဖြစ်ပါသည်။

ဦးမောင်ချမ်း ၆/မမန(နိုင်)၁၄၃၀၇၅။

ဖွံ့ဖြိုးတိုးတက်နေသော ကချင်ပြည်နယ်

"သိင်္ဂါနဒီ၊ မြန်ပြည်မြောက်ဖျား
ဂျိမ်းဖောသားချင်း၊ ရေခဲနှင်းတို့
လွှမ်းခြုံလို့ဝေ၊ မြစ်ဆုံမြေအလှ
ကချင်မှဖိတ်ခေါ်၊ လက်တွဲပျော်ကောက်သစ်ပွဲ
ပြည်နယ်ပွဲတော်----။
လမ်းနှင့်တံတား၊ စည်ကားဖွံ့ဖြိုး
စီးပွားတိုးတက်၊ တွင်းထွက်ရတနာ
ရော်ဘာစပါး၊ သစ်တောများနှင့်
ပေါ်များလှိုင်ဝေ၊ ဂျိမ်းဖောမြေမှ
သာစွအောင်ပွဲ၊ ခြိမ့်ခြိမ့်သဲ"။ ။

ဝေသီခေါင်မြင့်သော တောင်မြင့်မားကြီးကြားမှ သားချင်းတို့၏ ဆီးနှင်းမြေသို့ ရောက်ခဲ့ပါသည်။ မြန်မာပြည်၏ မြောက်ဘက်စွန်းတွင်တည်ရှိပြီး ရေခဲများဖုံးလွှမ်းနေသည့် တောင်တန်းကြီးများကြားမှ မြစ်ချောင်းအသွယ်သွယ်သည် တစ်ခုနှင့်တစ်ခု ယှက်နွယ်စီးဆင်းပြီး ကွေ့ကာဝိုက်ကာဖြင့် ဧရာဝတီမြစ်မကြီး ဖြစ်ပေါ်လာခဲ့ပါသည်။ ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ၏ ကျောရိုးကြီးသဖွယ် မြန်မာနိုင်ငံ ဦးခေါင်းထိပ်မှ တောင်ဘက်သမုဒ္ဒရာအစပ် မြစ်ဝကျွန်းပေါ်အထိ ခိုင်ခိုင်မာမာ အင်အားကြီးကြီး အရှိန်အဟုန်ပြင်းပြင်းဖြင့် ကျက်သရေရှိစွာ တသွင်သွင်စီးဆင်းနေပါသည်။ မြန်မာနိုင်ငံသားတို့၏ အလှဂုဏ်၊ စီးပွားဂုဏ်ကို အစဉ်မြှင့်တင်ခဲ့သည့် ဧရာဝတီမြစ်၏ သက်တမ်းကား နှစ်သန်းပေါင်း (၁၅)သန်း ရှိခဲ့ပြီ ဖြစ်ပါသည်။

ဧရာဝတီမြစ်ကြီးကို အမှီပြု၍ အရှေ့၊ အနောက်၊ တောင်၊မြောက် မြစ်ကြီး၏ဝဲယာတစ်ခွင်တစ်ပြင်သည် မြသားကမ္ဗလာကဲ့သို့ စိမ်းစိုကျယ်ပြန့်သော စိုက်ပျိုးရေးလွင်ပြင်များကို နုန်းတင်မြေနုများက အင်အားသစ်များ အစဉ်အမြဲ ဖြည့်တင်းပေးလျက် တိုးတက်စေခဲ့ပါသည်။ ထိုဒေသတစ်ခွင်တစ်ပြင်တွင် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့သည် သမိုင်းအစ ရှေးကတည်းက အေးအတူပူအမျှ လက်ချင်းတွဲ၍ နေထိုင်လာခဲ့ကြပါသည်။

ပြည်ထောင်စုဖွား သွေးချင်းများသည် ထိုကဲ့သို့ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၍ နေထိုင်ခဲ့ကြသော်လည်း ယခင်ကဆက်သွယ်မှုလမ်းခရီးမှာ မြစ်လည်းကာဆီး၊ တောကြီးပိတ်ကာ၊ တောင်မှာမြင့်သီသဖြင့် အချိန်မရွေး ကူးလူးဆက်ဆံရေးမှာ ထင်သလောက် ခရီးမပေါက်ခဲ့ပါ။ အဆက်အသွယ်ဝေးခဲ့ကြသည်။ ယခုအခါတွင်ကား ပြည်ထောင်စုတိုင်းရင်းသားတို့ မြစ်မခြားလို့ ချစ်အားပိုခဲ့ကြပါပြီ။ တိုင်းရင်းသားပြည်သူများ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းလက်တွဲ ကြိုးပမ်းခဲ့မှုကြောင့် ပြည်နယ်နှင့်တိုင်းအသီးသီး အလှဝေဖြာခဲ့ပြီ ဖြစ်ပါသည်။

စာရေးသူတို့သည် ဧရာဝတီမြစ်ဆုံသို့ ရောက်ရှိခဲ့ပါသည်။ မြစ်ဆုံသည် မေခနှင့်မလိခမြစ်တို့ပေါင်းဆုံကြပြီး ဧရာဝတီမြစ်ကြီး စတင်ပေါ်ပေါက်ရာနေရာ ဖြစ်ပါသည်။ မြစ်ကြီးနားမြို့မှ ကုန်းလမ်းဖြင့် (၂၈)မိုင်ကွာဝေးပါသည်။ ကဗျာဆန်လွန်းသော ဤမြစ်နှစ်မြွာ၏ အမည်မှာ ကြားရသည်နှင့်ပင် ကြည်နူးချမ်းမြေ့မှုများ ဖြစ်ပေါ်ရပါသည်။ အမည်က ချစ်စရာကောင်းသကဲ့သို့ ဤမြစ်နှစ်မြွာသည် ဒေသခံပြည်သူတို့၏ အကျိုးစီးပွားကို မမိုတ်မသုန်ထမ်းဆောင်ခဲ့သည်မှာ ယနေ့ထက်တိုင်ပင် ဖြစ်ပါသည်။

နိုင်ငံ၏မြောက်ဖျားရှိ ရေခဲတောင်များတွင် မြစ်ဖျားခံခဲ့ကြသည့် ထလာဝမ်၊ အဒုံဝမ်နှင့် ဆန်ခူးဝမ်မြစ်သုံးသွယ်သည် မြောက်လတ္တီတွဒ် ၂၈ ဒီဂရီအထက်နားတွင် ပေါင်းဆုံမိကြပြီး နမ့်တမိုင်မြစ် ဖြစ်လာခဲ့၏။ ထိုနမ့်တမိုင်မြစ်သည် အရှေ့တောင်ဘက်သို့ ဆက်လက်စီးဆင်းလာခဲ့ရာ မြောက်ဘက်မှစီးဆင်းလာခဲ့ကြသည့် ဒပ္ပလူဝမ်၊ တဇူဝမ်မြစ်တို့နှင့် နိုင်ငံမြောက်ဖျားကို ဖြတ်သန်းစီးဆင်းလာသော တရုတ်ဝမ်မြစ်တို့က ဝင်ရောက်ပေါင်းဆုံကြပြန်သည်။

ထိုနေရာမှစ၍ မေခမြစ်ဟုအမည်တွင်ကာ အရှေ့တောင်ဘက်သို့ ဆက်လက်စီးဆင်းခဲ့လေသည်။

ထိုသို့ဖြင့် မေခမြစ်အတွင်းသို့ အချန်းခ၊ မက်ရာမေ၊ မောကျောင်း၊ ငေါ်ချမ်းခ စသည့်မြစ်ငယ်များ ထပ်မံစီးဝင်ကြပြန်သည်။ ငေါ်ချမ်းခမြစ်နှင့် တွေ့ဆုံရာမှစတင်ပြီး တောင်ဘက် အနောက်ယွန်းယွန်းသို့ ခရီးရှည်ကြီးတစ်လျှောက် စီးဆင်းခဲ့ပြီးနောက် ကျဖွီခ၊ အင်လီးခ၊ ရှငေါ်ခ၊ ဒွမ်ဘန်ခမြစ်တို့သည် အရှေ့ဘက်မှထပ်မံ စီးဝင်လာကြပြန်လေသည်။

ဒွမ်ဘန်ခနှင့် တွေ့ဆုံပြီးနောက် မေခမြစ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်စီးဆင်းခဲ့ရာ မြောက်ဘက်မှစီးဆင်းလာသော မေခမြစ်နှင့် တွေ့ဆုံပေါင်းစပ်ပြီး တောင်ဘက်သို့ ဧရာဝတီမြစ်ကြီးအဖြစ် တငြိမ့်ငြိမ့်စီးဆင်းလာခဲ့လေသည်။

ထို့အတူ မလိခမြစ်သည်လည်း နိုင်ငံမြောက်ဖျားတွင် မြစ်ဖျားခံပြီး စီးဆင်းလာခဲ့သည်။ ထို့နောက် နမ့်လန်၊ နမ့်ယက်မြစ်တို့သည် အနောက်ဘက်မှလည်းကောင်း၊ ရှန်ခမြစ်သည် အရှေ့ဘက်မှလည်းကောင်း စီးဝင်ခဲ့ပြီး မလိခသည် တောင်ဘက်သို့ ကွေ့ကောက်စီးဆင်းလာခဲ့ပြန်သည်။ ထိုသို့ဖြင့် အရှေ့ဘက်မှ ခရန်းခနှင့်ဂျထီခ၊ အနောက်ဘက်မှ နမ့်တီးခ၊ အင်ဆွပ်ခ၊ မွန်အင်ခမြစ်ငယ်တို့ ထပ်မံစီးဝင်လာကြပြီး ဧရာဝတီမြစ်ကြီးအဖြစ် တငြိမ့်ငြိမ့် စီးဆင်းသွားလေသည်။ မေခ၊ မလိခတို့သည် ဧရာဝတီတွင် တသွင်သွင် ပေါင်းစီးပြီး ခွဲခြားမရတော့ပေ။

မေခနှင့် မလိခမြစ်နှစ်သွယ်ကို ဒေသခံပြည်သူများက မေခကို အင်မိုင်ခ၊ မေလိခကို မလိခဟူ၍ အမြတ်တနိုး ခေါ်ဝေါ်ခဲ့ကြသည်။

ကချင်ပြည်နယ်တွင် တောင်ထွတ်ကြီးများ၊ သစ်တောကြီးများသည် ကြည့်၍ပင်မဆုံး၊ ကြည့်ရှု၍ မဝနိုင်အောင်ပင် ရှိနေပါသည်။ သဘာဝအတိုင်း သာယာလှပသော မြန်မာနိုင်ငံ၏ဂုဏ်ကို မြင့်စေခဲ့ပါသည်။ သဘာဝအတိုင်း တည်ရှိနေသော တောင်ကုန်း၊ တောင်တန်း၊ တောင်စွယ်များသည် ကချင်ပြည်နယ်တွင် ပန်းချီကားချပ်များပမာ တည်ရှိနေပါသည်။

တိဗက်ကုန်းပြင်မြင့်မှ ထိုးထွက်လာသော တောင်တန်း၊ တောင်စွယ်များသည် ကချင်ပြည်နယ်တွင် မြောက်ဘက်မှ တောင်ဘက်သို့ ဒေါင်လိုက်သွယ်တန်းလျက် ရှိနေကြသည်။ လက်ငါးချောင်း ဖြန့်ခင်းထားသကဲ့သို့ပင် ဖြစ်သည်။ အရှေ့ဘက်နယ်နိမိတ်တစ်လျှောက်တွင် မြောက်မှတောင်သို့ သွယ်တန်းနေသော ကချင်တောင်တန်းကြီးရှိသည်။ ထိုတောင်တန်းကြီးသည် တောင်ခြေမှ တောင်ထိပ်အထိ ခရီးအကွာအဝေး မိုင်၃၀ မှ ၃၅ မိုင်မျှရှိသည်။ တောင်ထွတ်များမှာ ပေ၃၀၀၀မှ ပေ၇၀၀၀ အထိ မြင့်မားကြသည်။

ကချင်တောင်တန်းကြီး၏ အနောက်ဘက် အင်မိုင်ခနှင့် မလိခမြစ်အကြားတွင်ရှိသော ရှန်ငေါ်တောင်တန်းမှာ မြောက်ပိုင်းမှ ဆင်းလာသည့် ငလောင်ဘွန်တောင်နှင့် တစ်ဆက်တည်းဖြစ်ပြီး တြိဂံနယ်မြေတစ်ခုလုံးကို တောင်ကုန်းဒေသဖြစ်လာစေခဲ့သည်။ ထိုတောင်တန်းတွင် နင်ဂွန်ဘွန်တောင်ထိပ်မှာ ၁၀၇၁၂ ပေရှိပြီး အမြင့်ဆုံး ဖြစ်လေသည်။

ကချင်ပြည်နယ်၏ ပလောင်လန်ဘွန်တောင်တန်းကမူ ထူးခြားစွာဖြင့် အရှေ့အနောက် သွယ်တန်းလျက်ရှိသည်။ အမြင့်ဆုံးတောင်ထွတ်မှာ ပေပေါင်း ၁၀၉၈၉ မြင့်သည့် တဝမ်းဘွန်တောင်ထွတ်ဖြစ်သည်။ အနောက်ဘက် နယ်နိမိတ်တစ်လျှောက်တွင် ပလောင်လန်ဘွန်တောင်ခြေမှစပြီး တောင်ဘက်သို့ သွယ်တန်းနေသော နမ့်ဆင်ဘွန်၊ ဝန်ထွက်ဘွန်၊ တရီဘွန်၊ နမ်မောဘွန်၊ ဆင်ခူးဘွန် စသည့်တောင်တန်းများသည် နယ်နိမိတ်ဆုံသည်အထိ အဆက်မပြတ် တည်ရှိပါသည်။

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

မြစ်ကြီးနားမြို့ကို ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၄၆၀၀ရှိသည့် တောင်ကြော၏ အရှေ့ဘက် ဆင်ခြေလျောတွင် တည်ထားပါသည်။

နိုင်ငံတော်၏ မြောက်ပိုင်းတွင် တည်ရှိပြီး မြို့နယ်၏အရှေ့ဘက်တွင် အင်ဂျန်းယန်မြို့နယ်၊ အရှေ့မြောက်ဘက်တွင် နောင်မွန်ခေါ် ဘူဒဲမြို့နယ်၊ အနောက်ဘက်တွင် တနိုင်းမြို့နယ်၊ တောင်ဘက်တွင် မြစ်ကြီးနားမြို့နယ်၊ မြောက်ဘက်တွင် ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ်များ အသီးသီး ဝန်းရံလျက်ရှိသည်။

မလိခမြစ်ကြီးကမူ မြို့နယ်၏ အလယ်ဗဟိုကို မြောက်မှတောင်ဘက်သို့ စီးဆင်းပြီး မြစ်ကြီးနားမြို့နယ် တန်ဖရဲရွာတွင် အင်မိုင်ခမြစ်နှင့် ပေါင်းလျက် ဧရာဝတီမြစ်ကြီးအဖြစ် ဆက်လက်စီးဆင်းသွားသည်။

ဆွမ်ပရာဘွန်မှာ ရှေးယခင်က ဝစပ်ခူးချောင်းဖျားတွင် တည်ရှိခဲ့သည့် ဝစပ်ခူးကျေးရွာကလေးမှ ပြောင်းလဲဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ဝစပ်ခူးကျေးရွာကလေးကို မြို့တွင်း တောင်အမြင့်ဆုံးနေရာသို့ ပြောင်းရွှေ့တည်ထောင်ခဲ့သည်။ ထိုနေရာကို ဆွမ်ပရာဘွန်ဟု ခေါ်တွင်သည်။ ထိုတောင်ကုန်းတွင် မြက်ရှည်ပင်တစ်မျိုး ထူထပ်ပေါများစွာ ပေါက်ရောက်နေသောကြောင့်ဖြစ်သည်။ ထိုမြက်ရှည်ပင်ကို ကချင်ဘာသာစကားဖြင့် ဆွမ်ပရာဟုခေါ်သည်။ ဘွန်မှာ တောင်ကုန်းဖြစ်သည်။ ထို့ကြောင့် ဆွမ်ပရာဘွန်ဆိုသည်မှာ မြက်ရှည်ပင် ထူထပ်သော တောင်ကုန်းဟု အဓိပ္ပာယ်ရပါသည်။

ကချင်ပြည်နယ်ကို 'မြစ်ဖျားဒေသ' ဟူ၍လည်း တင်စားခေါ်ဝေါ်လေ့ရှိပါသည်။ ဂျိန်းဖော၊ ကချင်၊ ချင်း၊ ဗမာ၊ ရှမ်း၊ နာဂ၊ ရဝမ်၊ လီဆူး၊ အဇီး၊ လရှီ၊ မရူ စသော တိုင်းရင်းသားတို့ စုစည်းနေထိုင်ကြပါသည်။ မြန်မာပြည်တွင် အမြင့်ဆုံး တောင်ထွတ်ဖြစ်သော ခါကာဘိုရာဇီတောင်ထွတ်သည် ပေပေါင်း ၁၉၃၁၅ ပေမြင့်၍ ကချင်ပြည်နယ်မြောက်ပိုင်းတွင် တည်ရှိပါသည်။

ဆောင်းတွင်းအခါတွင် တောင်စွယ်တောင်ထိပ်များ၌ ဆီးနှင်းနှင့် ရေခဲများ ဖုံးလွှမ်းနေသဖြင့် ကချင်ပြည်နယ်ကို ရေခဲပြင်၊ ရေခဲမြစ်များအဖြစ် မြင်တွေ့ရသည်မှာ အလွန်လှပ၍ ကျက်သရေရှိလှပါသည်။ နိုင်ငံခြားတိုင်းပြည်၏ ရေခဲပြင်အလှအပများနှင့် အပြိုင်အဆိုင် လှနိုင်စွမ်းရှိနေသည်ဟု တင်စားလျှင် လွန်မည်မထင်ပါ။

နွေအခါတွင် ဆီးနှင်းရေခဲများ အရည်ပျော်စီးဆင်းသောကြောင့် ချောင်းငယ်၊ မြစ်ငယ်များ ရေအလျှင်တို့ဖြင့် ရှိနေပါသည်။ ထိုရေတို့သည် မေခမြစ်ထဲသို့ စီးဝင်ကြပါသည်။ မေခမြစ်သည် နောင်မွန်မြို့နယ်ခေါ် ဘူဒဲမြို့နယ်များကို ဖြတ်သန်း၍လည်းကောင်း၊ မလိခမြစ်သည် ပူတာအို၊ မချမ်းဘောနှင့် ဆွမ်ပရာဘွန်မြို့နယ်များကိုလည်းကောင်း ဖြတ်သန်း၍ မိုင်ပေါင်းများစွာ အရှေ့အနောက် ယှဉ်ပြိုင်စီးဆင်းပြီး မြစ်ကြီးနားမြို့အထက်နားတွင် ပေါင်းဆုံ၍ ဧရာဝတီမြစ်ကို ဖြစ်ပေါ်စေပါသည်။

ကချင်ပြည်နယ်ကို မြန်မာနိုင်ငံ၏ ရတနာမြေအဖြစ်လည်း တင်စားခေါ်ဝေါ်ကြသည်။ သယံဇာတများမှာ ရွှေ၊ ငွေ၊ ကြေးနီ၊ သံ၊ ခဲ၊ ပယင်း၊ ကျောက်စိမ်း၊ ကျောက်သလင်းနှင့် ကျောက်မီးသွေးများ ပါဝင်သည်။ နမ္မားရွှေတွင်းနှင့် ဖားကန့်ကျောက်စိမ်းတွင်းတို့မှာ လွန်စွာထင်ရှားပါသည်။ သတ္တုကျော၊ ရတနာကျော နယ်မြေသစ်များကိုလည်း ဆက်လက်ဖော်ထုတ်နေဆဲ ဖြစ်ပါသည်။

ကချင်ပြည်နယ်သို့ ၁၉၉၅ခုနှစ် ဧပြီလအတွင်း နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် မိန့်ကြားခဲ့သည်မှာ-

"ကချင်ပြည်နယ်အတွင်း နှစ်ကာလရှည်ကြာစွာ တည်ငြိမ်အေးချမ်းမှု မရှိခဲ့ခြင်းကြောင့် ဒေသတိုးတက်မှု မရှိခဲ့ကြောင်း၊ တိုးတက်ဖွံ့ဖြိုးအောင် သမားရိုးကျဆောင်ရွက်နေ၍မရဘဲ အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင် အထည်ဖော်သွားရမှာ ဖြစ်ကြောင်း၊ ယခုအခါနယ်မြေ ဒေသများမှာလည်း အေးချမ်းနေပြီဖြစ်ရာ သဘာဝသယံဇာတများကို အသုံးပြု၍ ကုန်ထုတ်လုပ်မှု တိုးတက်အောင် အားသွန်ကြိုးပမ်းသင့်သည့် အချိန်ပင်ဖြစ်ကြောင်း"

လမ်းညွှန် မှာကြားခဲ့သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးရမည်။ မြစ်ကြီးနားမြို့တွင် တက္ကသိုလ်၊ ကွန်ပျူတာကောလိပ်နှင့် အစိုးရနည်းပညာကောလိပ်များ ဖွင့်လှစ်ပေးထားပါသည်။ ဒေသအလိုက် ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ ထွက်ပေါ်လာရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့ကို မျှော်မှန်းပြီး နိုင်ငံတော်က ယခုကဲ့သို့ တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ တက္ကသိုလ်၊ ကောလိပ်များအနေဖြင့် အရေအတွက်သာမက တိုင်းပြည်ကို အကျိုးပြုနိုင်သည့် အရည်အချင်းကို အခြေခံသော ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ ထွက်ပေါ်လာအောင် ပြုစုပျိုးထောင် မွေးထုတ်လျက်ရှိနေပါသည်။ ခေတ်မီအထောက်အကူပြုပစ္စည်းများ အသုံးချ၍ ကျွမ်းကျွမ်းကျင်ကျင် သင်ကြားပို့ချနိုင်မှုနှင့်အတူ အရည်အချင်းပြည့်ဝသည့် လူတော်လူကောင်းများ ပေါ်ထွက်လာမည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များအတွက် ထည်ထည်ဝါဝါ တည်ဆောက်ပေးသကဲ့သို့ ခေတ်မီသင်ထောက်ကူပစ္စည်းမျိုးစုံကို ပံ့ပိုးပေးလျက်ရှိသည်။ ဆရာ၊ ဆရာမများ၏ ပညာအရည်အချင်း တိုးတက်ရာတိုးတက်ကြောင်းအတွက် ပါရဂူဘွဲ့အပါအဝင် ဘွဲ့လွန်သင်တန်းမျိုးစုံကို ပြည်ပတွင်သာမက ပြည်တွင်း၌ပါ သင်ကြားနိုင်အောင် စီမံလျက်ရှိနေပါသည်။ သင်ရိုးညွှန်းတမ်းကိုလည်း ခေတ်နှင့်အညီ ပြုပြင်လျက်ရှိပါသည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းပြည်တိုးတက်ရေးကို ဖော်ဆောင်လုပ်ကိုင်သွားနိုင်မည့် ပညာတတ်များ၊ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားလာစေပြီး အမှန်တကယ် တတ်မြောက်သူများဖြစ်အောင် သင်ကြားပေးလျက် ရှိနေပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၃ရက်နေ့တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်သို့ရောက်ရှိစဉ် မိုးညှင်းစက်မှုလက်မှု သိပ္ပံကျောင်းခန်းမ၌-

"တိုင်းပြည်၌ မည်သည့်လူနေမှုစနစ်ကိုပင် တည်ဆောက်သည်ဖြစ်စေ အဓိကအခြေခံလိုအပ်ချက်များမှာ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးရှိနေပြီး စီးပွားရေးတောင့်တင်းခိုင်မာရန်နှင့် ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းနေရန်ဖြစ်ကြောင်း၊ တိုင်းပြည်၌ ယင်းအခြေခံအချက်များ မပြည့်စုံလျှင် မည်မျှကောင်းသည့်စနစ်ပင်ဖြစ်စေ လက်တွေ့တည်တံ့ထွန်းကားရန် မျှော်မှန်း၍ မရနိုင်ကြောင်း၊ အထူး သဖြင့် တိုင်းပြည်ကို တည်ဆောက်ထိန်းသိမ်းနိုင်စွမ်းရှိသည့် လူ့စွမ်းအား အရင်းအမြစ်များ ထွန်းကားနေမှသာ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ကိုလည်းကောင်း၊ နိုင်ငံ့စီးပွားတောင့်တင်းရေးကို လည်းကောင်း ဆောင်ကြဉ်းနိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် တိုင်းပြည်၏ ရှေ့ရေးကိုမျှော်မှန်းပြီး ဒီမိုကရေစီနိုင်ငံတော်အဖြစ် ရေရှည်တည်တံ့ရပ်တည်နိုင်ရေးအတွက် ယင်းအခြေခံလိုအပ်ချက်များကို ပြည့်စုံအောင် မိမိတို့ကြိုးစားဖြည့်ဆည်း ထူထောင်နေခြင်းဖြစ်ကြောင်း"

လမ်းညွှန် မှာကြားသည်။

တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ စွမ်းရည်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံရန်လိုအပ်ပါသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများနည်းတူ ရှေ့တန်းသို့ ရောက်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်း အားထုတ်ကြရပါသည်။ နိုင်ငံတော်ကြီးဖွံ့ဖြိုးချမ်းသာတိုးတက်စေရန်၊ အခြေခံကျသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရန် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု၌ တက္ကသိုလ်၊ကောလိပ်များ အစီအရီ ပေါ်ထွက်လာခြင်းသည် ပြောင်းလဲပြုပြင်လိုက်သော အဆင့်မြင့်ပညာ၏ ပုံရိပ်ဖြစ်ပါသည်။ ဖွံ့ဖြိုးရေးဒေသကြီးများတွင် မပါဝင်သောဒေသများ လစ်ဟာမှုမရှိစေရန်လည်း အဆင့်မြင့်ပညာများ သင်ကြားနိုင်ရန် ကြားညှပ်၍စီမံပြီး ပညာတတ်များ ဒေသအလိုက် မွေးထုတ်မှုကို ပိုမိုပြည့်စုံစေရန် နိုင်ငံတော်က ဆောင်ရွက်နေပါသည်။

ကချင်ပြည်နယ်သည် စတုရန်းမိုင်ပေါင်း ၃၄၃၇၉ ကျယ်ဝန်းသည်။ လက်ရှိလူဦးရေ ၁၄၃၃၀၀၀ ခန့်ရှိသဖြင့် ပျမ်းမျှ လူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၄၂ ယောက်ရှိသည်။ ယခုအခါ မိုးစပါးရော နွေစပါးပါ ယခင်ကထက် နှစ်ဆနီးပါးမျှ တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့ရုံမျှမက တစ်ဧကအထွက်နှုန်းကိုပါ တိုးမြှင့်နိုင်သဖြင့် ထုတ်လုပ်နိုင်မှု နှစ်ဆတိုးလာသည်။ ယခင် ဒေသဝမ်းစာဖူလုံရာမှ ယခုဖူလုံရုံမျှမက ပိုလျှံပေသည်။ သစ်တောပြုပြင် ထိန်းသိမ်းမှုတွင်လည်း သဘာဝနယ်မြေဧရိယာ အဆ၃၀ နီးပါး တိုးပွားလာပြီး သစ်တောစိုက်ခင်းထူထောင်မှုတွင် အဆ ၇၀ နီးပါးမြင့်မားလာသည်။ ကချင်ပြည်နယ်တွင် အင်းတော်ကြီးကန်တည်ရှိသည်။ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းရှိ အင်းတော်ကြီးကန်စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အလျား ၁၄ မိုင်၊ အနံ ငါးမိုင်ခန့်ကျယ်ဝန်းသော ကန်ရေပြင်အပါအဝင် ၂၉၉၁၃မ၃၂ မိုင်ရှိသော အင်းတော်ကြီးတိရစ္ဆာန် ဘေးမဲ့တောအဖြစ် ၁၉၉၉ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့သည်။ တပ်မတော်အစိုးရလက်ထက်တွင် မြစ်ကြီးနားမြို့၌ အရှည်ပေ ၂၆၈၈ရှိ ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတားကြီးကို တည်ဆောက်၍ ၁၉၉၈ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ယခုအခါ သွားရေးသာ၍ လာရေးလွယ်ကူနေလေပြီ။ မန္တလေးမှ မြစ်ကြီးနားသို့ သွားမည်ဆိုလျှင် ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ မိုင်၃၅၀ရှည်လျားသည့် မန္တလေး၊ ရွှေဘို၊ မြစ်ကြီးနားလမ်းမှလည်းကောင်း၊ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ မန္တလေး၊ မိုးကုတ်၊ မိုးမိတ်၊ မဘိမ်း၊ မန်စီ၊ ဗန်းမော်လမ်း ၃၀၂ မိုင်နှင့် ဗန်းမော်၊ မြစ်ကြီးနားလမ်း ၁၁၅ မိုင်၊ စုစုပေါင်း ၄၁၇ မိုင် ရှည်လျားသည့် လမ်းမှလည်းကောင်း သွားလာနိုင်သည်။ နိုင်ငံတော်က ၃၇၅ မိုင် ရှည်လျားသည့် မန္တလေး-မြစ်ကြီးနားလမ်းကို ယခုဖောက်လုပ်ပေးခဲ့သဖြင့် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် အလျားလိုက် ပြည်ထောင်စုလမ်းမကြီးအသစ်တစ်ခု ထပ်မံပေါ်ထွန်းလာခဲ့သည်။

၁၉၈၈ ခုနှစ် နောက်ပိုင်း၌ တာပိန်၊ တဘက်ချောင်း၊ ဗလမင်းထင်၊ နန့်မြစ်ခ၊ မလိယန်၊ နန်ဆန်ယမ်၊ မိုးလဲ၊ တနိုင်း၊ ဟိုပင်၊ မိုးကောင်း၊ မိုးညှင်း တံတားကြီးများသည် ကချင်ပြည်နယ်၏ နိုင်ငံ့အင်အားတံတားကြီးများအဖြစ် ပေါ်ထွန်းလာခဲ့သည်။ ကျွန်းတောတံတား၊ ကောင်းမှုလုံကြိုးတံတားနှင့် နမ္မတီးတံတား(ကံလှ)တို့ကိုလည်း နိုင်ငံတော်က ဆက်လက်တည်ဆောက် ပေးခဲ့သည်။

မျက်မှောက်ခေတ်၌ အခြားပြည်နယ်နှင့်တိုင်းများနည်းတူ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသော ကချင်ပြည်နယ်အကြောင်း ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်...။ ။

မြောက်ဥက္ကလာပမြို့နယ် ၅/ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်း ဆောက်လုပ်နေသော သီလဝိသောဓနီ နှစ်ထပ်သိမ်တော်ကြီး စတီးလှေကား လက်ရန်းတပ်ဆင်ရန်အတွက် ငွေ ကျပ် ၅၄၉၁၂၅ ကို ဇန်နဝါရီ ၁ ရက်က ၅/ရပ်ကွက် မင်းရန်အောင်၅လမ်း အမှတ် ၄၂နေ ဦးစံယား (ဒေါ်ကျင်ဆိုင်) တို့အားအမှူးထား၍ ဦးဝင်းမြင့်-ဒေါ်အေးအေး မိသားစုတို့က နာယက ဆရာတော်ဘဒ္ဒန္တကဝိန္ဒ ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းရာ တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်က လက်ခံရယူစဉ်။ (က-ပ)

ခန္တီ၊ သစ္စာ၊ သာသနာဆီမီး ၉၀၀၀ အဖွဲ့ ကျိုက်ထီးရိုးစေတီတော် ဆီမီးပူဇော်

ရန်ကုန် ဇန်နဝါရီ ၂၀

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ခန္တီ၊ သစ္စာ၊ သာသနာဆီမီး ၉၀၀၀ အဖွဲ့က (၂၈) ကြိမ်မြောက် ပူဇော်ပွဲကြီးကို ဒီဇင်ဘာ ၃၁ ရက်နှင့်ဇန်နဝါရီ ၁ ရက်က အဖွဲ့၏ နာယကဆရာတော် ကျိုက်ထီးရိုး ရင်ပြင်တော်ကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တနိန္ဒိယအား အမှူးထား၍ ဆီမီး ၉၀၀၀၊ ဆွမ်းပွဲ ၉၀၀၀၊ ပန်း ၉၀၀၀၊ ရေချမ်း ၉၀၀၀၊ နံ့သာတိုင် ၉၀၀၀၊ ရောင်စုံလျှပ်စစ်မီးသီး ၉၀၀၀နှင့် သစ်သီးအလှ ၁၀၈ပွဲ ကပ်လှူပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။ (က-ပ)

လှိုင်မြို့နယ် ၁၂ ရပ်ကွက် အမက (၁၈) တွင် ပညာရေး စုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်ကကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်သီတာမွန်က သူငယ်တန်းမှ ကျောင်းသား မောင်အောင်အောင်ဦးအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဓမ္မဗျူဟာ ရက်တို ဓမ္မစာပေ သင်တန်းများတက်ရောက်နိုင်

ရန်ကုန် ဇန်နဝါရီ ၂၀

ဗဟန်းမြို့နယ် အမှတ် ၆ ကြားတောရလမ်းရှိ ဓမ္မဗျူဟာသာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်းတွင် ဇန်နဝါရီ ၂၁ရက်မှစ၍ (စနေ၊ တနင်္ဂနွေနေ့တိုင်း)ရက်တို ဓမ္မစာပေသင်တန်းများ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ သင်တန်းများမှာ နိုင်ငံတော် ပရိယတ္တိသာသန တက္ကသိုလ် (ရန်ကုန်)မှ ကထိက ဆရာတော် ဦးပဏ္ဍိတ(သာသန တက္ကသီလ မဟာဓမ္မာစရိယ၊ M.A, Buddihism က အဘိဓမ္မာတရားတော်-တိက၊ ဒုက မာတိကာသင်တန်းကို ညနေ ၃နာရီမှ ၅နာရီအထိလည်းကောင်း၊ ဓမ္မဗျူဟာ ဒေါ်ခင်လှတင်(မဟာသဒ္ဓမ္မဇောတိကဓဇ)က အခြေပြု သင်္ဂြိုဟ်နှင့် သင်္ဂြိုဟ်ဘာသာဋီကာ သင်တန်းကို နံနက် ၈နာရီခွဲမှ ၁၁ နာရီခွဲအထိ လည်းကောင်း၊ ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)က မဟာသရဏဂုံတော်ကြီး သင်တန်းကိုမွန်းလွဲ ၁၂နာရီခွဲမှ ၂နာရီခွဲအထိလည်းကောင်း ဓမ္မဒါန ပို့ချမည်ဖြစ်ရာ စိတ်ဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

ဇန်နဝါရီ ၁၅ရက်က ရန်ကုန်မြို့နေ ဦးတင်ကိုကိုနှင့် သားသမီးများ၊ မြေး မောင်အောင်ဘုန်းပြည့်တို့က ကွယ်လွန်သူ ဒေါ်ခင်ခင်(ခ)ဒေါ်ခင်ထိုက်အားရည်စူး၍ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးညွန့် လက်ခံယူစဉ်။ (က-ပ)

ပရိယတ္တိသာသနပါလ စာမေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် သံဃနာယကအဖွဲ့၏ ကြီးကြပ်မှုနှင့် ဥပဋ္ဌာကအဖွဲ့ကဦးစီး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အဌမအကြိမ်မြောက် ရပ်ကွက်လုံးဆိုင်ရာ ပရိယတ္တိသာသနပါလစာမေးပွဲကို ရပ်ကွက်အတွင်းရှိ ကျောင်းတိုက် ၁၀ ကျောင်းမှ စာဖြေသံဃာအပါး ၁၇၀ တို့က ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ ဝါဥုးပရိယတ္တိစာသင်တိုက်တွင် ပါဝင်ဖြေဆိုတော်မူကြမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပိုးမိတ်မြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၀

မိုးမိတ်မြို့နယ်အသင်းမှ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဇန်နဝါရီ ၂၂ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် သာသနာရာမိကကျောင်းတိုက် အမှတ်(၉၀)မင်းလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ် ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ရာ မြို့နယ်သူမြို့နယ်သားအားလုံး တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ကမ်းနားလမ်း သလ္လာဝတီဆိပ်ကမ်းမှ ဂေါက်ကွင်းအပိုင်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ၁၀ရက်က အင်ဂျင်နီယာမှူး ဦးဝင်းကျော်မျိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဒေါ်အေးအေးဝင်းတို့ ကြီးကြပ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မီးသတိပြု

ရွှေဘိုခရိုင်လုံးကျွတ် စာကြည့်တိုက်ဖွင့်ပြီး အထိမ်းအမှတ် စာအုပ်လှူဒါန်းပွဲကျင်းပ

ရွှေဘို ဇန်နဝါရီ ၁၂

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံသောအားဖြင့် ရွှေဘိုခရိုင်လုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပြီး အထိမ်းအမှတ်နှင့် စာအုပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီက ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ဇီးကုန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပသည်။

အခမ်းအနားသို့ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး၊ အလှူရှင် ဆရာကြီး ဦးစံတင်အောင်(ရွှေဘို)၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်တင့်နှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်လေးက အမှာစကားပြောကြားပြီး စာအုပ်အလှူရှင် ဦးစံတင်အောင် (ရွှေဘို)က ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ စာအုပ် ၃၆ အုပ် လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။ ထို့နောက် ဇီးကုန်း ကျေးရွာ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ငွေကျပ် ၃၀၀၀၀ကို ဆရာကြီး ဦးစံတင်အောင် (ရွှေဘို)က ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးက လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးလက်ပညာရေးပညာပေး မင်္ဂလာပါဇာတ်ကား ရန်ကုန်နှင့် မန္တလေးရုံငါးရုံ၌ အရှိန်အဟုန်ကောင်းနေဆဲ

ရုပ်ရှင် သတင်းထောက်

ရန်ကုန် ဇန်နဝါရီ ၂၀

အောင်ကျော်ဇော ရုပ်ရှင်ထုတ်လုပ်ရေးမှ တင်ဆက်ပြီး ဒါရိုက်တာမီးပွား ရိုက်ကူးသည့် မင်္ဂလာပါ ပညာပေး ဟာသဇာတ်ကားမှာ ရန်ကုန်မြို့ မင်္ဂလာ၊ သမ္မတ၊ သွင်အဆင့်မြင့်ရုံများနှင့် မန္တလေးမြို့ ဝင်းလိုက်၊ မြို့မရုံများတွင် တတိယပတ်မြောက်အထိ အရှိန်အဟုန်ကောင်းနေဆဲဖြစ်သည်။

ရှေ့ဆောင်ရုံတွင် Transporter II ဇာတ်ကား ဆက်လက်ပြသနေပြီး နေပြည်တော်ရုံတွင် Seven Swords ဇာတ်ကားရုံဝင်လာသည်။

ဆုထူးပန်ရုံတွင် Yes Boss အိန္ဒိယဇာတ်ကား တစ်ကျော့ပြန် ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် နာမည်ကြီးမင်းသား ရှာရွတ်ခန် ပါဝင် သရုပ်ဆောင်ထားပြီး ဆွစ်ဇာလန်နိုင်ငံ၏ ဇာတ်ဝင်ခန်းများ၊ ဖက်ရှင်ရှိုးများ၊ တေးဂီတနှင့်အကများကို အားပါးတရ ရှုစားကြရမည်ဖြစ်သည်။

မျိုးစေ့ဇာတ်ကားမှ မင်းမော်ကွန်းနှင့် မို့မို့မြင့်အောင်တို့၏ သရုပ်ဆောင်ဟန်။

မင်းသိခ်၏ ဝတ္ထုကိုသရုပ်ဆောင် ဒါရိုက်တာ အကယ်ဒမီကျော်သူ ရိုက်ကူးသည့် ပုဏ္ဏာရိက မြန်မာအဆင့်မြင့်ဗီဒီယိုဇာတ်ကားမှာ မကြာမီရုံဝင်လာမည်ဖြစ်သည်။

ယင်းဇာတ်ကားတွင် ထွန်းအိန္ဒြာဗို၊ ခန့်စည်သူ၊ အောင်ခိုင်၊ အောင်ပိုင်၊ ညီဘွား၊ ဝါဝါအောင်နှင့် ကျော်သူတို့ ခေါင်းဆောင်ပါဝင်ထားသည်။ ဇာတ်လမ်းမှာ အမျိုးသမီးတစ်ဦး၏ ဘဝအားမာန်နှင့် လောက၏ ငြိမ်းချမ်းမှုကို ဖော်ကျူးထားသောဇာတ်ကား ဖြစ်သည်။

ဒါရိုက်တာ ဝင်းထွန်းထွန်း၏ **မျိုးစေ့** မြန်မာအဆင့်မြင့်ဗီဒီယိုဇာတ်ကားမှာလည်း ဖေဖော်ဝါရီ ၃ ရက်တွင်ရုံဝင်လာမည်ဖြစ်သည်။ ယင်းဇာတ်ကားတွင် မင်းမော်ကွန်း၊ မို့မို့မြင့်အောင်၊ မေသန်းနု၊ ဟန်နီထွန်း၊ ပုလဲဝင်း၊ ရဲအောင်နှင့် လူမုန်းတို့ အဓိကပါဝင်သရုပ်ဆောင်ထားသည်။

ရွှေဂုန်ရုံမြေညီထပ်တွင် **Jung** အက်ရှင်ဇာတ်ကြမ်းကားသစ်ကြီး ပြသလျက်ရှိသည်။

ယင်းဇာတ်ကားတွင်မင်းသားချော ဆန်ဂျေးဒတ်၊ ဂျက်ကီရှော့နှင့် ရက်ပီးနားတန်ဒန်တို့၏ ပီပြင်ပြောင်မြောက်စွာ သရုပ်ဆောင်ချက်များကို ရှုစားကြရမည် ဖြစ်သည်။

ပုဏ္ဏာရိကဇာတ်ကားမှထွန်းအိန္ဒြာဗိုနှင့် အောင်ခိုင်တို့ သရုပ်ဆောင်မှု။

ရွှေဂုန်ရုံအပေါ်ထပ်တွင် **YOUNG GUNS** ဇာတ်ကြမ်းကား ပြသလျက် ရှိသည်။ ယင်းဇာတ်ကားတွင် **Emilioestevel, Kiefer Sutherland, Lou Diamond Phillips, Charlie Sheen** တို့၏ ထူးခြားဆန်းပြားစွာ သရုပ်ဆောင်ချက်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

တန်းမြင့်မြို့မရုံတွင် အရှေးကူးမား၊ ဆန်နီရှာကီ၊ အက်ဖ်တာရှီဘာတာဆန်နီ၊ ပါးရှ်ရာဝေါနှင့် ဂျွန်နီလီဗါတို့ပါဝင်သရုပ်ဆောင်ထားသည့် **Awara Paagal Deewana** ဇာတ်ကား ရုံတင်ထားသည်။ ။

(မြန်မာ့အလင်း)

မင်္ဂလာပါဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယရေတပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်မတော်မှ Chairman Chiefs of Staff Committee (COSC) and Chief of Naval Staff, Admiral Arun Prakash (PVSM, AVSM, VrC, VSM, ADC) ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်၁၁နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၁



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၇)မှ သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုညစာတည်ခင်းဧည့်ခံ

ရန်ကုန် ဇန်နဝါရီ ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၇)မှ သင်တန်းသား သင်တန်းသူများအား ယနေ့ညနေ၆နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံဧည့်ခံဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

စာမျက်နှာ ၃ ကော်လံ ၁

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၇)မှ သင်တန်းသား သင်တန်းသူများအား ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံဧည့်ခံဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)